စိတ်ကူးချိုချိုအနုပညာ

ရွှေတောင်မြို့

# ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ရေးသားတော်မူခဲ့သော

သုစရိုက်၊ ဒုစရိုက်တို့၏
အကျိုး၊ အပြစ်၊ သာဓက
ဖော်ထုတ်ပြသော

# ဓမ္မဂန္ထပတ်စာ

နှင့်

ရှေးစကားပုံဝတ္ထုဆန်း

# ပုရာဏ်ကျမ်း

ပြန်လည်ရိုက်နှိပ်ခြင်း၊

mgyoe.com

mgyoe.com

ရွှေတောင်မြို့

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ရေးသားတော်မူခဲ့သော

သုစရိုက်၊ ဒုစရိုက်တို့၏

အကျိုး၊ အပြစ်၊ သာကေ

ဖော်ထုတ်ပြသော

# စမ္ပဂန်ပတ်စာ နှင့်

ရှေးစကားပုံဝတ္ထုဆန်း

# ပုဂ္ဂိုလ်ကျမ်း

ktl0006

2200.00 Ks

mgyoe.com

mgyoe.com

ဓမ္မဂန်ပတ်စာနှင့်ပုရာဏ်ကျမ်း။ ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး
အပြင်အဆင် - အမ်အက်စ်အို၊ စာမျက်နှာ ၁၇၇ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၈၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၅၆ ခု ဟံသာဝတီပုံနှိပ်တိုက်၏ပထမအကြိမ်မှ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဓမ္မဂန်ဖတ်စာနှင့် ပုရာဏ်ကျမ်း

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ
## စမ္မဂန်ဖတ်စာ

နိဒါန်း ... က
ရွှေတောင်မြို့ ကျီးသဲလေးထပ်ကျောင်းဆရာတော်ကြီး၏ထေရုပ္ပတ္တိကျဉ်း ... ဂ
ကျမ်းဦးပဏာမ
မာတိကာ ... ၁
၁။ သတိသမ္ပဇညနှင့် သီလကို မတိမ်းအောင် စောင့်ထိန်းသည့်–ဝတ္ထု ..... ၅
၂။ သူ့အသက်ကို၊ ရက်စက်စိမ်းကား၊ သတ်သည့်များကြောင့်၊ မယားပါ–သားပါ၊ ကိုယ်ပါမနေ၊ နေ့ချင်းသေရသော တောရွာနေ လုဒ္ဒကဟူရာဒ္ဒ်–ဝတ္ထု ..... ၁၆
၃။ ရောင်းဝယ်ရေးကိစ္စမှာ၊ ကိုယ်မှရစေ၊ ကောက်ကျစ်လေသောကြောင့်၊ ကြေးငွေအလုံး၊ ရသမျှဆုံး၍၊ လူလုံးသာ ပြန်လာရသော ကုန်သည်စဉ်းလဲ ဟူရာဒ္ဒ်–ဝတ္ထု ..... ၂၀
၄။ ရွှဲကုန်သည်လည်း တစ်ယောက်ဟူရာဒ္ဒ်–ဝတ္ထု..... ၂၂
၅။ မထောက်မထား၊ သူ့မျောက်သားကို၊ ယွင်းပါးသည်ကြောင့်၊ အသက်တိုရသည့် လူအများဟူ ရာဒ္ဒ်–ဝတ္ထု ..... ၂၅

mgyoe.com

mgyoe.com

၆။ မပြစ်မှားအပ်၊ မိခင်မြတ်ကို၊ ရောစပ်သည့် အတွက်
ကြောင့်၊ မျက်မှောက်ပင် မျောက်ဖြစ်ဟူရာ၌-ဝတ္ထု.... ၃၄
၇။ လိမ်လစ်လှည့်စား၊ ပျက်မှုသားကြောင့်၊ သေ
ပါးနီးဒုက္ခကို၊ ခံရသည့် သက်သေဟူရာ၌-ဝတ္ထု ... ၃၅
၈။ မသွေမလှန်၊ အမှန်သစ္စာ၊ ဆိုသည့်တာကြောင့်၊
ဒါယဂ္ဂိဘေးသည် အဝေးမှ ငြိမ်းချမ်း ဟူရာ၌-ဝတ္ထု..... ၄၀
၉။ ဝဲသြဃနက်ဝှမ်းမှ၊ ကမ်းထက်သို့ ရောက်ရသော
သုပ္ပါရက သုခမိန် ဟူရာ၌-ဝတ္ထု .... ၄၂
၁၀။ မြွေဆိပ်၏တက်ရှိန်မှ သုံးကြိမ်တိုင် လျှောကျသော
မဏ္ဍဗျရင်နှစ်ဟူရာ၌-ဝတ္ထု ..... ၄၃
၁၁။ ယစ်တက်သည့် သုရာရေကို၊ မိတ်ဆွေပြုမှား
သောကြောင့်၊ သိကြားမ၍မှုမဖြစ်၊ ဆင်းရဲတွင်း
နစ်ရသော သူကောင်းသားဟူရာ၌-ဝတ္ထု ... ၄၃
၁၂။ ရင်ထွက်သားကိုပင်၊ စားမိသည့်မင်းဖျား
ဟူရာ၌-ဝတ္ထု ... ၄၆
၁၃။ သေရောင်းသမား၏စကားကိုယုံကြည်၍ ပြည်အလုံး
ချောက်ချားသောမင်းမှား ဒုဋ္ဌကလည်းတစ်ယောက်
ဟူရာ၌-ဝတ္ထု ..... ၄၈
၁၄။ သေလောက်သော မြေခွေးဝါကို ယုံရှာသည့်
အတွက်ကြောင့်၊ အရှက်ကြီးတွေ့သော လုလင်
ဟူရာ၌-ဝတ္ထု ..... ၅၂
၁၅။ ဂုဏ်အင်နှင့် လိုက်လျော်အောင်၊ မြော်မြင်မိ
ငြားသော်လည်း၊ မယားငယ်အလိုကို လိုက်၍
သူမိုက်ဖြစ်ရသော ပုဏ္ဏားကြီးဟူရာ၌-ဝတ္ထု ..... ၅၅
၁၆။ သေပါးနီး အခါတွင်းဝယ်၊ သီချင်းတောင်း
လေသည့် မိန်းမယုတ် ဟူရာ၌-ဝတ္ထု .... ၅၆

mgyoe.com

mgyoe.com

၁၇။ ကိုယ်ကိုချုပ်သော်လည်း နှုတ်မစောင့်ခြင်း
ကြောင့် ဘေးတွေ့သည်ဟူရာဒ္ဓ–ဝတ္ထု ..... ၅၇
၁၈။ ကိုယ်နှုတ်လောင်လင်၊ ပြုတတ်ချင်က၊ လျှင်လျှင်
ဥပါဒ်တွေ့ရမည် ဟူရာဒ္ဓ–ဝတ္ထု ..... ၅၉
၁၉။ မတိုင်းမစား၊ သူတစ်ပါးကို၊ ကောင်းစား မလို၊
မျက်ငြိုးသိုသော်၊ ကိုယ်ပါတကွ၊ ပျက်တတ်စွ
ဟူရာဒ္ဓ–ဝတ္ထု ..... ၆၀
၂၀။ စကားခြောက်ခွန်း၊ ယုံတမ်းဝါပင်၊ ကြည်းတင်
မိကျောင်း၊ ထုံးပေါင်းတစ်သွယ် ဟူရာဒ္ဓ–ဝတ္ထု ..... ၆၂
၂၁။ လူတို့ဝယ်၌၊ ကျင့်ဖွယ်တရား၊ ငါးပါး, ငါးပါး
ဟူရာဒ္ဓ–အကျယ် ..... ၇၀
၂၂။ ထင်ရှားတစ်သီး၊ မီးလည်း သုံးပုံ၊ လောင်ကုန်
ကြဟန် ဟူရာဒ္ဓ–ဝတ္ထု ..... ၇၆
၂၃။ အကြံအစည်၊ ဉာဏ်ရည်ကြောင့်သာ၊ ဥစ္စာရပုံ၊
လုံ့လဂုဏ် ဟူရာဒ္ဓ–ဝတ္ထု ..... ၈၆
၂၄။ သြဝါဒကဗျာ ..... ၉၄
၂၅။ နိဂုံး ..... ၉၇

## ပုရာဏ်ကျမ်း

ကျမ်းဦးပဏာမ ၉၉
စကားချီ ၁၀၀
၁။ ငါးကြင်းမြီးတွင်၊ တင်ကျီးအမြီး၊ ကူးသတည်း
ဟူသောစကားပုံ ..... ၁၀၅
၂။ အသွင်တူယိုးမှား၊ ရှိခြေငြားသော်၊ ကျီးကား
ဥခေါင်းဖြူသတည်းဟူသော စကားပုံ ..... ၁၀၇
၃။ ခိုင်ယ်နန်းကို၊ အဆန်းတကြယ် ပွတ်သတည်း

mgyoe.com

mgyoe.com


ဟူသော စကားပုံ ..... ၁၁၀
၄။ ကျေးသားနှောင်အိမ်ချိုင့်သွင်းသတည်းဟူသော
စကားပုံ ..... ၁၁၂
၅။ သံကိုကြွက်စား၊ သားကိုစွန်ချီ၊ ပယင်းသည်
သားအဖ စကားပုံ ..... ၁၁၃
၆။ အလွန်လိမ္မာ၍ ပညာရှိသော သူငယ်မအား
အမျိုးပင် ညံ့ငြားသော်လည်း၊ မိဖုရားပြုဖူးသော
စကားပုံ ..... ၁၂၂
၇။ စိတ်နှစ်လိုသော်၊ တောင်ပို့၌ လက်ယှက်က၏
ဟူသော–စကားပုံ ..... ၁၂၆
၈။ အမျိုးမကောင်း၊ လူဖျင်းသောင်းကို၊ သူတော်
ကောင်းပြုက၊ အရှက်ရ၏၊ သူဖြားယောင်းကို၊
စောင်း၍လိုက်က၊ သေပျက်ရ၏ ဟူသော–
စကားပုံ ..... ၁၃၀
၉။ မိုက်စွတကား–မိုက်သုံးစွတကား–သွန်းသုံးပါး
ဟူသော–စကားပုံ ..... ၁၃၆
၁၀။ ချီးမြှောက်ထိုက်သောသူကို တိုင်းစားသဖြင့်
ချီးမြှောက်ရာ၏၊ မလိမ္မာသည့် သူကို ချီးမြှောက်
သော် ကိုယ်ပင်ပျက်စီးတတ်၏
ဟူသော–စကားပုံ ..... ၁၃၉
၁၁။ အမျိုးမတူ– အစဉ်းအဝါးမသိသောသူ လူစိမ်း
လူရှမ်းတို့ကို အကျွမ်းမဝင်ရာ၊ အတွင်းသွင်း၍
အပေါင်းအဖက်မပြုရာ၊ ပြုလျှင် ပျက်စီးရာ၏
ဟူသော–စကားပုံ ..... ၁၄၇
၁၂။ သူယုတ်သူနုပ်တို့၏စကားကို မနာယူအပ်၊ အရေး
အရာရှိသောအခါ ပညာရှိ သူတော်ကောင်းကိုသာ


mgyoe.com

mgyoe.com


မှီဝဲတိုင်ပင်ရသည်ဟူသော–စကားပုံ ..... ၁၄၉

၁၃။ သူတော်အယောင်၊ ကြောင်သီတင်းသုံး၊ ကြွက်ကို မြင်သော်၊ ချစ်ခင် ရယ်ပြုံးပြုံး ဟူသော–စကားပုံ ..... ၁၅၃

၁၄။ အထူးအဆန်း ဖြစ်လာထွန်းသော် မပယ်ရာ၊ ပညာသည်ကို ကြီး,ငယ်မဆိုရာ ဟူသော–စကားပုံ .....၁၅၆

၁၅။ ဆင်နှင့်ကျားသည်၊ အားကိုမှီ၍ အချင်းများရာ၊ ယုန်လိမ္မာသည် ဆင်၏မှီခိုရာဖြစ်ပေသည် ဟူသော–စကားပုံ ..... ၁၆၂

၁၆။ သူ့ကိုမညှာ၊ ကိုယ်သာရစေ၊ ကျင့်တတ်ချေ သော အစိုးရမင်းကို မှီတင်းသဟဲ မပြုရာ၊ ခွင့်သိတတ်မှ ဥပါဒ်အပြစ်လွတ်ရုံသာဟူသော– စကားပုံ ..... ၁၆၄

၁၇။ နှံစုတ်ငှက်ငယ်၊ ပညာကြွယ်ကြောင့်၊ နယ်သုံး ထောင်သေဠ်နင်း၊ ခြသေ့်မင်းပင်၊ အသက်ရှင် သည်ဟူသော–စကားပုံ ..... ၁၆၆

၁၈။ ကုန်းသမားကို မထားစကောင်း၊ အလောင်း စင်စစ်သေသည့်တိုင်အောင် အကျိုးမဲ့ဆောင် ၏ဟူသော–စကားပုံ ..... ၁၇၀

၁၉။ မှူးမတ်ကောင်းကား၊ တရားခက်သော်၊ ရက် ရှည်သွေး၍ တဖြည်းဖြည်းသာ စီရင်ရာ၏ ဟူသော–စကားပုံ ..... ၁၇၂

၂၀။ သူ့ကျေးဇူးသည် ရှိဖူးပေလျက်၊ ကွယ်ဝှက်ဘိငြား၊ တရားဆင်မူ၊ ပိုနေမြဲ, ကျားနေမြဲ စီရင်ရာသည် ဟူသော–စကားပုံ ..... ၁၇၄




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နိဒါန်း

ပကရဏ ပိဋကတ္တယပါဠိရူ ဂန္ထန္တရဝိဒူ ဘာသန္တရဝိညူ ပဘာဝ သံသာရဘီရူ ဂဏဝါစက ဂန္ထကာရက တစ်ဆူဖြစ်တော်မူသော ရွှေတောင်မြို့ "ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး" သည် ရဟန်းရှင်လူ ပြည်သူပြည်သားတို့ ဗဟုသုတတိုးပွား အသိအလိမ္မာကြီးမား၍ နိဗ္ဗာန်တိုင်အကျိုးများစေရန် ရည်သန်တော်မူလျက် ပါဠိတော်, အဋ္ဌကထာ, ဋီကာ, မဟာဝင်စသော သာသနိကကျမ်းများ ရာဇဝင်, ဣတိဟာသ, ပေါရာဏိကကထာစသော လောကီဗာဟီရက သက္ကတကျမ်းများမှလည်းကောင်း ထုတ်နုတ်ယူငင်ကာ ဤ "ဓမ္မဂန်ဖတ်စာ" နှင့် "ပုရာဏ်ကျမ်း" ၂–စောင်ကိုကောင်းစွာပြုပြင်စီရင်ရေးသားတော်မူခဲ့ပါကြောင်း။

ပကရဏ အဆိုပါကျမ်းစာ ၂– စောင်တွင် ဓမ္မဂန်ဖတ်စာ၌ အာကာရ သီတင်းသီလ ဆောက်တည်ကျင့်သုံးသူတို့ ရအပ်ခံစားအပ်သော သီလာနိသံသ ကျိုးဖလကို ဝတ္ထုပုံပြင်တို့ဖြင့် စုံလင်စွာပြဆိုခြင်း, သုစရိုက်တရား ၁၀–ပါး ပွားများ ကျင့်ကြံသူတို့ ရအပ်ခံစားအပ်သော သုစရိတာနိသံသ ကျိုးဖလကို အကိုးသာဓက ဝတ္ထုပုံပြင်တို့ဖြင့်စုံလင်စွာပြဆိုခြင်း, ဒုစရိုက်တရား ၁၀–ပါး လိုက်စားမိုက်မှားသူတို့ ရအပ်ခံစားအပ်သော ဒုစ္စရိတာနိသံသ ကျိုးဖလကို အကိုးသာဓက

mgyoe.com

mgyoe.com

ဝတ္ထုပုံပြင်တို့ဖြင့် စုံလင်စွာပြဆိုခြင်း စကားကြီး ၆–ခွန်း လူတို့ကျင့်ဝတ်, မီး ၃–ပါး, ဩဝါဒကထာ စသည်များကိုလည်း ဝတ္ထုပုံပြင်တို့ဖြင့် စုံလင်စွာပြဆိုခြင်းရှိရကား–စာဖတ်ရှုသူအများ စိတ်ဝင်စားအောင် ရေးသားထားတော်မူပေသည်။ ပုရာဏ်ကျမ်း၌လည်း သူဌေးတူသမက်က ဗာရာဏသီမင်းကြီးအား ပေါရာဏစကားပုံများစွာကို အသီးအသီး သက်သေသာကေဝတ္ထုကြောင်း ဖော်ပြလျက် အချက်ကျကျ လျှောက်ထားပုံအလုံးစုံကို စိတ်အာရုံစွဲ၍ စာအုပ်နှင့်မခွဲချင်အောင် ချဲ့ထွင်ရေးသားတော်မူသည်ဖြစ်ပါကြောင်း။ **ဟံသာဝတီ၏အာသီသ** ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်ကြသော အမျိုးသား အမျိုးသမီးတို့အား... တရားသက် ဝင်သဒ္ဓါရွှင်လျက် ဝမ်းတွင်သိုမှီး ပိဋကတိုက်ကြီးသဖွယ် ဖြစ်ကြစေရန် ရည်သန်ရိုးရင်း နှလုံးသွင်းရှိသည်ဖြစ်၍ စာကောင်းစာမွန်စာချွန်တို့ကို ရွေးနုတ်ပြီးကာ ငွေကြေးရမှုတစ်ခုကိုသာ ပဓာနမထားဘဲ (အမတ ဒုဒြဘံ အမြိုက်နိဗ္ဗာန်လမ်းပြ၊ ဓမ္မစည်တော်ကြီးကို၊ အဟည်း၊ ဒေသနာဉာဏ်စက်ဖြင့် တီးနှက်ပေတော့အံ့) ဟူသော ဗုဒ္ဓရှင်တော်မြတ်ဘုရား၏အာသီသ အလိုကျအမိန့်ခွန်းတော်မြွက်ဟသည့်အတိုင်း တစ်သဝေမတိမ်းလိုက်နာ ကျင့်သုံးသောအားဖြင့် ဤ **"ဓမ္မဂန်ဖတ်စာ"** နှင့် **"ပုရာဏ်ကျမ်း"** ကို ရိုက်နှိပ်ဖြန့်ချိထုတ်ဝေအပ်သည်ဖြစ်ပါကြောင်း၊ ယင်းသို့ ထုတ်ဝေဖြန့်ချိရာတွင်လည်း ရှင်းလင်းသေသပ်သော အထားအသို၊ အပိုအလိုမရှိ သောပုဒ်ပါဌ်၊ အဖြတ်အရပ် ကျနသေချာ အက္ခရာပုဒ်ဗျည်း မလိပ်လည်း စေရအောင် ပါဠိဆရာကြီး **"ဦးခင်စိုး သိရိပဝရဓမ္မာစရိယ"** အမှူးရှိသော **"ဟံသာဝတီ ပါဠိဆရာအဖွဲ့"** ဝင်များကကောင်းစွာ သုတ်သင်ပြင်ဆင်ကာ ပုံနှိပ်အပ်သည်ဖြစ်ပါကြောင်း။

ဟံသာဝတီ

၃–၈–၅၆



mgyoe.com

mgyoe.com

## ရွှေတောင်မြို့
## ကျီးသဲလေးထပ်ကျောင်းဆရာတော်ဘုရားကြီး၏
## ထေရုပ္ပတ္တိကျဉ်း

ဓိနတ္ထပကာသနီ, မဟာဝင်ဝတ္ထု, စွယ်စုံကျော်ထင်, ပုရာဏ် ကျမ်းနှင့် ဓမ္မဂန်ဖတ်စာစသော ကျမ်းပေါင်းမြောက်မြားစွာကို ပြုစု စီရင်ရေးသားတော်မူခဲ့သော ကျမ်းပြုအမေဉ် ဆရာတော် ဘုရားကြီး သည်ကား သက္ကရာဇ် ၁၁၇၉–ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် (၈) ရက် ကြာသပတေးနေ့တွင် "ရွှေတောင်မြို့ကျီးသဲရွာ" ရှမ်းတန်း ကလေးရပ်၌ ဖွားမြင်တော်မူသည်။ ငယ်မည်တော် ကိုဦးကင်း ဟု ခေါ်ကြသည်။

ငယ်ရွယ်စဉ်ကစ၍ ပိဋကတ်အခြေပြုစာတို့ကို သင်ကြားတတ် မြောက်ခဲ့လျက် ၁၉–နှစ်–ခြောက်လတွင် ကဝိန္ဒာဘိသဒ္ဓမ္မပဝရ မဟာ ဓမ္မရာဇဂုရု, ဂုဏမုနိန္ဒာလင်္ကာရ သဒ္ဓမ္မမဟာဓမ္မ ရာဇာဓိ–ရာဇဂုရု, တံဆိပ်တော် နှစ်ထပ်ရ၊ အမရပူရ–ရွှေတောင် ဆရာတော်ဘုရားကြီး အရှင်ဂုဏစာရီ၏ သဒ္ဓိဝိဟာရိက ရွှေတောင်မြို့ဂိုဏ်းအုပ်ဆရာတော် အရှင်ကုမာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်သည့် ဘွဲ့တော် ကား "အရှင်မုနိန္ဒာဘိဓဇ" ဖြစ်သည်။

ရဟန်းအဖြစ်သို့ရောက်ပြီးလျှင် မန္တလေးရတနာပုံနေပြည်တော်

mgyoe.com

mgyoe.com

သို့ တက်ကာ တံဆိပ်တော်အထပ်ထပ် ရတော်မူသော မောင်းထောင် သာသနာပိုင်ဆရာတော်, မိတ္ထိလာဆရာတော်, ခင်မကန်ဆရာတော်, ရွှေတိုက်ဝန်ဆရာတော်စသော ဆရာတော်ကြီးတို့ထံ၌ သာသနိက ဖြစ်သော ပိဋကတ်ကျမ်း–အနဝဇ္ဇဖြစ်သော လောကီယကျမ်းတို့ကို ဆုံးခန်းတိုင်တတ်မြောက်အောင် သင်ကြားရသဖြင့် သာသနာ့ဝယ် နေလအသွင် ထင်ရှားသောအဖြစ်သို့ ရောက်တော်မူသည်။

၎င်းနောက် ရွှေတောင်မြို့သို့ပြန်လာ၍ ထိုမင်းကြီး မဟာမင်းလှ မင်းခေါင်ကျော် နော်ရထာဘွဲ့ခံ "ဝန်ကြီးဦးမှုံ" ဆောက်လုပ်အပ် သော ကျီးသဲရွာ အရှေ့မျက်နှာရှိ လေးထပ်ကျောင်းကြီးကို အလှူခံကာ ဂန္ထဓုရ, ဝိပဿနာဓုရ နှစ်ဝသော သာသနာ့ တာဝန်ကြီးကို မြတ်စွာ ဘုရားသားတော်ပီပီ ဆောင်ရွက်တော်မူသည်။

သက္ကရာဇ် ၁၂၅၆–ခုနှစ်တွင် ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ အရှင်မြတ်တို့သော်မှ မရှောင်သာသော သမ္မုတိမရဏာ–စုံတိကမ္မဇရုပ် ချုပ်ငြိမ်းပျံလွန်တော်မူသည်။

## ဆရာတော်ဘုရားကြီးစီရင်တော်မူခဲ့သော ကျမ်းများ

၁။ ဇိနတ္ထပကာသနီကျမ်း
၂။ သီလဘေဒ ပကာသနီကျမ်း
၃။ မင်္ဂလတ္ထဒီပနီနိဿယ
၄။ စွယ်စုံကျော်ထင်အဖြေ
၅။ ဒိဋ္ဌိဒီပကကျမ်း
၆။ ပဋ္ဌာဗျာကရဏာကျမ်း
၇။ နိဗ္ဗာန်လမ်းပြကျမ်း
၈။ ဝိမတိစ္ဆေဒနီကျမ်း
၉။ မနောရထပူရဏီကျမ်း
၁၀။ အဘိဓမ္မတ္ထသင်္ဂဟနိဿယ

mgyoe.com

mgyoe.com

၁၁။ ဘိက္ခုဝိဘင်းပါဠိတော် နိဿယသစ်
၁၂။ ဘိက္ခုနီဝိဘင်းပါဠိတော် နိဿယသစ်
၁၃။ ဝိနည်းမဟာဝါပါဠိတော် နိဿယသစ်
၁၄။ စူဠဝါပါဠိတော် နိဿယသစ်
၁၅။ ပရိဝါပါဠိတော် နိဿယသစ်
၁၆။ ကဝိသာရဆန်းဋီကာ နိဿယသစ်
၁၇။ သဒ္ဒါကြီးနိဿယသစ်
၁၈။ ကဗျာသာရတ္ထသင်္ဂဟကျမ်း
၁၉။ သဒ္ဓနဝိလာသနီကျမ်း
၂၀။ ဆပဏ္ဏ်ဂီကကျမ်း
၂၁။ သုပိနာချာယကျမ်း
၂၂။ သံသယဝိသောဓနာကျမ်း
၂၃။ ဓမ္မဒေသနာ–တရားစာ
၂၄။ ကျီးသဲမေတ္တာစာ
၂၅။ ဗုဒ္ဓဝန္ဒနာကျမ်း
၂၆။ ဆုတောင်း ၁၅–ဂါထာပါဌ်
၂၇။ မဟာဝင်ဝတ္ထု
၂၈။ ပုရာဏ်ကျမ်းနှင့် ဓမ္မဂန်ဖတ်စာ
၂၉။ မဟာသရပျို့သစ်
၃၀။ ဂန္ထဝံသ နိဿယ–စသော ကျမ်းများဖြစ်ကြလေသည်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဓမ္မဂန်ဖတ်စာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ
ကျမ်းဦးပဏာမ

ဓမ္မုပ္ပဒေသဒီပေန္တံ၊ လောကနာထံ ဘိဝန္ဒိယ။
ဓမ္မဂန္ထံ သုလိက္ခာမိ၊ ပညာဝဍ္ဎာယ သောတုနံ။ ။
နာနာဂန္ထေဟိ ဥဂ္ဂယှ၊ ဟိတာနုကမ္ပရာဇုနံ။
အဇ္ဈေသနံ နုဿရန္တော၊ ကုလစာရိတ္တဒီပကံ။ ။

[ပထမဂါထာကား– ပထျာဝတ္တဂါထာ, ဒုတိယဂါထာကား– ပထျာဝတ္တ– ရကာရဝိပုလာဂါထာတည်း။]

အဟံ၊ မုနိန္ဒာဘိဓဇ နာမသမုတ် အကျွန်ုပ်သည်။ ဓမ္မုပ္ပဒေသဒီ–ပေန္တံ၊ ရှေးရှေးသော ဘုရားသခင်တို့၏ ကျင့်စဉ်လက်သုံးထုံးဥပဒေပဝေဏီဓမ္မကို ဖော်ပြတော်မူတတ်ထသော။ လောကနာထံ၊ လူတို့၏ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားကို။ အဘိဝန္ဒိယ၊ အလွန်ရှိကျိုးရှိခိုးပါ၏။ အဘိဝန္ဒိယ၊ ရှိသေစွာရှိခိုးပြီး၍၊ ဟိတာနု ကမ္ပရာဇုနံ၊ တိုင်းသူပြည်သား လူအများတို့၏ဥစ္စာပညာနှစ်ဖြာသော စီးပွားကိုသနားသဖြင့် စောင့်ရှောက်လေ့ရှိကုန်သော မင်းကောင်း, မင်းမြတ်

mgyoe.com

mgyoe.com

တို့၏၊ အဓွန့်သန်၊ တောင်းပန်တိုက်တွန်းခြင်းကို၊ အနုသယရဋ္ဌော၊ အစဉ်အောက်မေ့လျက်၊ နာနာဂန္ထေဟိ၊ အထူးထူးသော သသ်ကရိုက်ကျမ်း, ပိဋကတ်ကျမ်းတို့မှ။ ဥဂ္ဂယှ၊ ထုတ်နုတ် ယူဆောင်၍။ ကုလ–စာရိတ္တဒီပကံ၊ အမျိုးကောင်းသားတို့၏ ကျင့်ဝတ်အစဉ်ကို ထင်စွာပြတတ်ထသော။ ဓမ္မဂန္ထံ၊ ကျင့်,မှတ်ဖွယ်အဖြာဖြာ ဓမ္မဂန်ဖတ်စာကို။ သောတူနံ၊ မှတ်နာကုန်သောသူတို့၏။ ပညာဝဍ္ဍာယ၊ ပညာပွားစေခြင်း အကျိုးငှာ။ မြမ္မဘာသာယ၊ မြန်မာလူမျိုးတို့၏ဘာသာဖြင့်။ သုလိက္ခာမိ၊ ရေးသားစီရင်ပေအံ့။

ကျမ်းဦးပဏာမပြီး၏။

## မာတိကာ

ဓမ္မဂန်ဖတ်စာ၌ ဝတ္ထုတို့၏အကျဉ်းမာတိကာကို စဉ်ကာထားလျှင် မှတ်သားဆောင်ရွက်လွယ်သည်ဖြစ်၍ မာတိကာ ကဗျာကို ရေးလိုက်ဦးအံ့–

၁။ သတိသမ္ပဇညနှင့်၊ သီလကို မတိမ်းအောင်၊ စောင့်ထိန်းသည့်ဝတ္ထု။

၂။ သူ့အသက်ကို၊ ရက်စက်စိမ်းကား၊ သတ်သည်များကြောင့်၊ မယားပါ–သားပါ၊ ကိုယ်ပါမနေ၊ နေ့ချင်းသေရသော၊ တောရွာနေလုဒ္ဒက။

၃။ ရောင်းဝယ်ရေးကိစ္စမှာ၊ ကိုယ်မှုရစေ၊ ကောက်ကျစ်လေသောကြောင့်၊ ကြေးငွေအလုံး၊ ရသမျှဆုံး၍၊ လူလုံးသာပြန်ရသောကုန်သည် စဉ်းလဲ။

၄။ ရွှဲကုန်သည်လည်းတစ်ယောက်။

၅။ မထောက်မထား၊ သူ့မျောက်သားကို၊ ယွင်းပါးသည်အတွက်ကြောင့် အသက်တိုရသည့် လူအများ။

၆။ မပြစ်မှားအပ်၊ မိခင်မြတ်ကို၊ ရောစပ်သည့်အတွက်ကြောင့်၊

mgyoe.com

မျက်မှောက်ပင် မျောက်ဖြစ်။

၇။ လိမ်လစ်လှည့်စား၊ ပျက်မုသားကြောင့်၊ သေပါးနိုးဒုက္ခကို၊ ခံရသည့်သက်သေ။

၈။ မသွေမလှန်၊ အမှန်သစ္စာ၊ ဆိုသည့်တာကြောင့်၊ ဒါယဂ္ဂ ဘေးသည်၊ အဝေးမှငြိမ်းချမ်း။

၉။ ဝဲသြဲယနက်ဝှမ်းမှ၊ ကမ်းထက်သို့ရောက်ရသော သုပ္ပါဒက သုခမိန်။

၁၀။ မြွေဆိပ်၏တက်ရှိန်မှ၊ သုံးကြိမ်တိုင် လျှောကျသော၊ မဏ္ဍာ ဗျရင်နှစ်။

၁၁။ ယစ်တတ်သည့် သုရာကို၊ မဟာမိတ်ပြုမှားသောကြောင့်၊ သိကြားမ၍မှု မဖြစ်၊ ဆင်းရဲတွင်းနစ်ရသော–သူကောင်း သား။

၁၂။ ရင်ထွက်သားကိုပင်၊ စားမိသည့်မင်းဖျား။

၁၃။ သေရောင်းသမား၏စကားကို ယုံကြည်၍၊ ပြည်အလုံး ချောက်ချားသော မင်းမှားဒုဋ္ဌကလည်းတစ်ယောက်။

၁၄။ သေသောက်သော မြေခွေးဝါကို၊ ယုံရှာသည့်အတွက် ကြောင့်၊ အရှက်ကြီးတွေ့သောလုလင်။

၁၅။ ဂုဏ်အင်နှင့်လိုက်လျော်အောင်၊ မြော်မြင်မိငြားသော် လည်း၊ မယားအလိုကိုလိုက်၍၊ လူမိုက်ဖြစ်ရသော ပုဏ္ဏားကြီး။

၁၆။ သေပါးနိုးအခါတွင်းဝယ်၊ သီချင်းတောင်းလေသည့် မိန်းမ ယုတ်။

၁၇။ ကိုယ်ကိုချုပ်သော်လည်း၊ နှုတ်မစောင့်ခြင်းကြောင့် ဘေး တွေ့သည်။

၁၈။ ကိုယ်နှုတ်လောင်လင်၊ ပြုတတ်ချင်က၊ လျင်လျင်ဥပါဒ် တွေ့ရမည်။

၁၉။ မတိုင်းမစား၊ သူတစ်ပါးကို၊ ကောင်းစားမလို၊ မျက်ငြူးသို့

mgyobe.com

mgyoe.com

သော်၊ ကိုယ်ပါတကွ၊ ပျက်တတ်စွ။

၂၀။ စကားခြောက်ခွန်း၊ ယုံတမ်းဝါပင်၊ ကြည်းတင် မိကျောင်း၊ ထုံးဟောင်းတစ်သွယ်။

၂၁။ လူတို့ဝယ်၌၊ ကျင့်ဖွယ်တရား၊ ငါးပါး,ငါးပါး။

၂၂။ ထင်ရှားတစ်သီး၊ မီးလည်းသုံးပုံ၊ လောင်ကုန်ကြဟန်။

၂၃။ အကြံအစည်၊ ဉာဏ်ရည်ကြောင့်သာ၊ ဥစ္စာရပုံ၊ လုံ့လဂုဏ်သည်။ ။ ဥသုံစဉ်လာ၊ မာတိကာတည်း။

မာတိကာပြီး၏။

❒

mgyoe.com

mgyoe.com

# ၁- သတိသမ္ပဇဉ်နှင့်သီလကို မတိမ်းအောင် စောင့်ထိန်းသည့် ဝတ္ထု

အလောင်းတော်ရသေ့အကြောင်း

လောကသုံးပါးတို့၏ ဦးညွှတ်ရာ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသောအခါ ငါးရာကုန်သော ဒါယကာတို့သည် ဥပုသ်ဆောက်တည်ခြင်းငှာ ကျောင်းတော်သို့လာကုန်၍ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်သီလကို ခံယူဆောက်တည်ကြသည်တွင် ဘုရားသခင်သည် ဒါယကာတို့... ယနေ့ ဥပုသ်ဆောက်တည်ခြင်းကို ပြုကြကုန်သလော–ဟု မေးတော်မူ၏။ ဆောက်တည်ပါကြောင်းကို လျှောက်လျှင် ဒါယကာတို့... သင်တို့သည် အလွန်ကောင်းမြတ်သောအမှုကို ပြုကြပေကုန်၏။ ဤဥပုသ် ဆောက်တည်ခြင်းသည်ကား– ပညာရှိတို့၏ ကောင်းမြတ်သော ကျင့်ရိုးအစဉ်ပေတည်း၊ ရှေးပညာရှိတို့သည် မိမိကိုယ်၌ လောဘသည်လည်းကောင်း, ဒေါသသည်လည်းကောင်း, မာနအစရှိသော ကိလေသာတို့သည်လည်းကောင်း ဖြစ်လာကုန်လတ်သော် ထိုကိလေသာတို့ကို နှိပ်နင်းခြင်းငှာ ဥပုသ်သုံးခြင်းကို ပြုကြကုန်၏–ဟု မိန့်တော်မူ၍ ထိုဒါယကာတို့ တောင်းပန်ကြသည်တွင် အတိတ်ကို ဆောင်တော်မူ၏။

ဒါယကာတို့..... ရှေးလွန်လေပြီးသောအခါ ဘုရားအလောင်း

mgyoe.com

mgyoe.com

တော်သည် မဂဓတိုင်း၌ ဗြဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ရောက်လေသော် ကာမဂုဏ်တို့ကို စွန့်ပစ်၍ ရသေ့, ရဟန်းပြုပြီးလျှင် အင်္ဂတိုင်း, မဂဓတိုင်း, ကာသိတိုင်းတို့၏အကြား၌ မွေ့လျော်ဖွယ်ရှိလှသော တောအုပ်ကြီးသို့ဝင်၍ ကျောင်းသခ်မ်းဖြင့်နေ၏။

## ခို၊ မြွေ၊ မြေခွေး၊ ဝံတို့ ဥပုသ်စောင့်ပုံ

၁။ ထိုရသေ့ကျောင်း၏ မနီးမဝေးဖြစ်သော ဝါးတော၌ ခိုတစ်ခုသည် မယားနှင့်တကွနေ၏။

၂။ ထိုဝါးတော၏အနီး တစ်ခုသောတောင်ပို့၌ မြွေသည်နေ၏။

၃။ တစ်ခုသော ချုံ၌လည်း မြေခွေးလည်းနေ၏။

၄။ တစ်ခုသော တောအုပ်၌လည်း ဝံသည်နေ၏။

ထိုလေးဦးသော သတ္တဝါတို့သည် အခါခပ်သိမ်း ရသေ့ထံသို့ကပ်၍ တရားနာကုန်၏။

၁။ တစ်နေ့သောအခါ ခိုသည် မိမိမယားနှင့်တကွ အသိုက်မှ ထွက်၍ ကျက်စားသွားလေသော် တစ်ခုသော သိန်းစွန်သည် နောက်မှလိုက်သော ခိုမကိုသုတ်ယူ၍ ခိုမသည် ငိုမြည်တမ်း၏၊ ခိုဖိုသည် ပြန်၍ကြည့်သော် သိန်း၏ခြေကြား၌ ပါလေသော ခိုမကိုမြင်သဖြင့် ကြင်နာလှရကား– အသည်းပြတ်မျှ ပူဆွေးခြင်း သောကမီးသည်ဖြစ်၍ ကြံ၏။

"ဤရာဂသည် ငါ့ကို အလွန်ပင်ပန်းစေ၏။ သို့စဉ်သော ရာဂကို ဆုံးမ၍ မနှိပ်စက်မူ၍ တစ်ပါးသို့ ကျက်စားသွားခြင်းငှာ မသင့်သေး၊ ဆရာရသေ့ထံသို့ကပ်၍ ရာဂကိုနှိပ်ခြင်းငှာ ဥပုသ်ဆောက်တည်အံ့–"

ဟုကြံ၍ ဥပုသ်ဆောက်တည်ကာနေ၏။

၂။ မြွေသည်လည်း အစာရှာခြင်းငှာ မိမိနေရာမှထွက်၍ တစ်ခုသော ရွာနားတောင်ပို့သို့သွားလေသော် ရွာစား၏ကိုယ်လုံးဖြူသော

mgyoe.com

နွားလားဥသဘသည် ထိုတောင်ပို့၌ ခြေတို့ကိုပုဆစ်တုပ်၍ မြေကိုဦးချိုဖြင့် ယက်၍ကစား၏၊ မြွေလည်း နွား၏ခြေသံဖြင့် ကြောက်လန့်ရကား–တွင်းသို့ဝင်ခြင်းငှာ ပြေးလာသော် နွားခြေဖြင့် နင်းမိ၍ မြွေသည် အမျက်ထွက်၍ကိုက်လေသည်နှင့် နွားလားဥသဘသည် ထိုအရပ်၌ လဲ၍အသက်ကုန်လေ၏။ ရွာ၌နေသော လူတို့သည် နွားမင်းသေပြီဟု ကြား၍ များစွာစည်းဝေးလာကုန်လျက် အုတ်အုတ်ကျက်ကျက်ငိုကြွေးကြ၏။ အချို့ကလည်း ပန်းနံ့သာဖြင့်ပူဇော်၍ တွင်းတူးကာမြှုပ်ပြီး သွားကြကုန်၏။ မြွေလည်း လူတို့သွားကြသောအခါ တွင်းမှထွက်၍ ဤသို့ကြံ၏။

"ငါသည် အမျက်ဒေါသကြီးလှသောကြောင့် ဥသဘနွားမင်းကိုကိုက်၍ သေစေသဖြင့် လူအများ၏နှလုံး ချောက်ချားခြင်းကို ဖြစ်စေမိသည်၊ ယခုအခါ ဒေါသကို မချိုး,မနှိမ်မူ၍ ကျက်စားသွားအံ့သောငှာ မသင့်ပေ၊ ကျောင်းသို့သွား၍ ဒေါသတရားကို နှိပ်ခြင်းငှာ ဥပုသ်ဆောက်တည်အံ့–"

ဟုကြံ၍ ဥပုသ်ဆောက်တည်ကာနေ၏။

၃။ မြေခွေးသည်လည်း အစာကိုရှာလေသော် ဆင်သေတစ်စီးကို မြင်၍ ရွှင်လန်းဝမ်းမြောက်လှသဖြင့် ပြေးတဲ့၍ နှာမောင်း၌ကိုက်၏၊ တိုင်ကို ကိုက်သကဲ့သို့ မကိုက်နိုင်ရှိရကား– နားရွက်ကို ကိုက်ပြန်၏။ ကျောက်ပျဉ်ကို ကိုက်သကဲ့သို့ရှိရကား– ဝမ်းပျဉ်းသားကို ကိုက်ပြန်၏။ သံအိုးကင်းကို ကိုက်သကဲ့သို့ရှိရကား–ဝစ္စမဂ်၌ကိုက်၏၊ ထိုအခါ မုံ့စိုင်ကိုကိုက်သကဲ့သို့ဖြစ်ရကား– အားရဝမ်းသာစားပြီးလျှင် ဝမ်းတွင်းသို့ဝင်၏။ အစာမွတ်သိပ်သောအခါ နုစွာသောအတွင်းသားကိုစား၍ ရေသိပ်သောအခါ သွေးတို့ကိုသောက်၏၊ အိပ်သောအခါ အူ,အဆုတ်တို့ကိုခင်း၍ အိပ်၏၊ မြေခွေးသည် ဤဆင်ကောင်၏ဝမ်းတွင်းထက် ကောင်းမြတ်သော ထမင်း, အဖျော်, အိပ်ရာနေရာသည် ငါ၌မရှိပြီ၊ ဤမှသည် အခြားအရပ်သို့သွား၍ အဘယ်ပြုတော့အံ့နည်းဟု ကြံပြီး

mgyoe.com

mgyoe.com


လျှင် ပြင်သို့မထွက်ဘဲ ဆင်ဝမ်းထဲ၌သာ စားကာ, အိပ်ကာနေ၏။

ရက်ရှည်သော် နေပူအဟုန်ကြောင့် ဆင်ကောင်သည် ခြောက်ကပ်လေရကား– မိမိဝင်ခဲ့သော ကျင်ကြီးပေါက်သည် ပိတ်၏။ မြေခွေးသည် ဝမ်းတွင်းမှ မထွက်နိုင်ဘဲ နည်းသောအစားအသောက် ရေရှိသည်ဖြစ်၍ ဖျော့တော့စွာဖြစ်လျက် ထွက်ရန်အပေါက်ကိုသာ မျှော်လင့်ကာနေ၏။ တစ်နေ့သ၌ အခါမဲ့ မိုးသည်းသည် ကြီးစွာရွာ၍ ဝစ္စမဂ်ဟင်းလင်းပွင့်သည်ကိုမြင်လျှင် ထွက်ချင်လှသောကြောင့် ခေါင်းမှသည် အားကုန်ပြေးလျက် ဝစ္စမဂ်ဖြင့်တိုး၍ ထွက်လေရကား– အလုံးစုံသော ကိုယ်အမွေးတို့သည် မဂ်ဝ၌ ငြိရစ်သည်ဖြစ်၍ ထန်းဥ, ထန်းညှောက်ကဲ့သို့ဖြစ်လေ၏။ ထိုမြေခွေးသည် ဤသို့ကြံ၏။

"အစာ၌ တပ်သော လောဘကြောင့် သူမြင်၍မျှမလျော်ဘဲ ဆင်းရဲသားအထူးသို့ရောက်ရ၏၊ ယခုအခါ၌ ဤလောဘကိုမနှိပ်မူ၍ ကျက်စားသွားခြင်းငှာမသင့်၊ လောဘအလိုကို နှိပ်ခြင်းငှာ ဥပုသ်ဆောက်တည်အံ့–"

ဟုကြံ၍ ရသေ့ထံကပ်ပြီးလျှင် ဥပုသ်ဆောက်တည်၍ နေ၏။

၄။ ဝံသည် စားမြဲတိုင်းသောအစာနှင့် အားမရ အလိုကြီးလှသည်ဖြစ်၍ မလယတိုင်း ပစ္စန္တရွာသို့သွား၍ ကျက်စားလျှင် ရွာ၌နေသော သူတို့သည် ဝံလာသည်ဟူ၍ လေး,လုံ့စသော လက်နက်စွဲကိုင်လျက် ထွက်၍လိုက်ကြပြီးလျှင် ဝံဝင်နေသော ချုံကို ဝန်းရံကုန်၏။ ဝံလည်း ထိုချုံမှ ပြေးထွက်လေသော် လူတို့သည် လက်နက်နှင့် ပစ်ခတ်ရကား– ဦးခေါင်းရေပေါက်ပြ၍ သွေးရဲရဲယိုစီးလျက် မိမိနေရာသို့လာ၍–

'ငါသည် ဤဆင်းရဲကို အလိုကြီးလှသော လောဘ၏ အစွမ်းကြောင့် ရချေသည်၊ ယင်းသို့သော လောဘကို မနှိပ်မူ၍ အစာ ရှာခြင်းငှာ မသင့်သေး"

ဟု ကြံပြီးလျှင် ကျောင်းတော်သို့ကပ်၍ ဥပုသ်ဆောက်တည်ကာ သင့်တင့်ရာအရပ်၌ နေလေ၏။

mgyoe.com

mgyoe.com

ရှင်ရသေ့စျာန်သမာပတ်ရခြင်း

ရသေ့သည်လည်း မိမိ၏အမျိုးကို မှီသဖြင့် မာန၏နိုင်ငံသို့ လိုက်ရကား– စျာန်ကိုဖြစ်စေခြင်းငှာမတတ်နိုင်၊ ထိုအခါ အရှင်ပစ္စေက ဗုဒ္ဓါတစ်ဆူသည် ရသေ့၏မာနမှီသော အခြင်းအရာကို သိ၍ ထိုမာန် ယစ်ခြင်းကို နှိပ်လတ်၍ သမာပတ်တို့ကိုဖြစ်စေခြင်းအကျိုးငှာ မြောက် ဟိမဝန္တာမှ ကြွလာတော်မူလတ်၍ ရသေ့၏ကျောက်ဖျာထက်၌နေ၏။ ရသေ့လည်း ကျောင်းတွင်းမှထွက်လတ်၍ မိမိ၏နေရာကျောက်ဖျာ ထက်၌နေသော ပစ္စေကဗုဒ္ဓါကိုမြင်လျှင် မာန်ဝင်သော စိတ်ရှိရကား– အပါးသို့ကပ်၍ လက်ဖျစ်တီးလျက် ဟယ် ဦးပြည်းသူယုတ်... ဘယ် ကြောင့် ငါ့ကျောက်ဖျာ၌နေသနည်းဟု ဆို၏။

ထိုအခါ အရှင်ပစ္စေကဗုဒ္ဓါကလည်း သူတော်ကောင်း ဘယ်ကြောင့် ဤနေရာမျှနှင့်မာနကို မှီသနည်း၊ ငါသည် သစ္စာလေးပါးကိုသိ၍ ပစ္စေက ဗောဓိဉာဏ်သို့ ရောက်သောသူတည်း၊ သင်သည်လည်း ဤဘဒ္ဒကမ္ဘာ ၌ သဗ္ဗညုဘုရားဖြစ်လတ္တံ့သော အလောင်းပေတည်း၊ မဟာသမ္မတ မင်းမှ ဆက်သွယ်သော အနွယ်မြတ်၌ သိဒ္ဓတ်မည်သော မင်းသား အဖြစ်မှ ရဟန်းပြု၍ ဘုရားအဖြစ်သို့ရောက်လတ္တံ့၊ ဤသို့အမျိုး အနွယ်, မယ်တော်, ခမည်းတော်, အဂ္ဂသာဝကတို့နှင့်တကွ အလုံးစုံ ပြောကြား၍ သူတော်ကောင်း..... သို့စဉ်နီးလှလျက် မာနကိုမှီ၍ ဘယ် ကြောင့်ကြမ်းကြုတ်သနည်းဆို၍ သြဝါဒပေးပေ၏။

ရသေ့လည်း အရှင်ပစ္စေကဗုဒ္ဓါဟောပါသော်လည်း ထိုပစ္စေက ဗုဒ္ဓါကိုမျှ ရှိမခိုး၊ ဘယ်အခါ ငါဘုရားဖြစ်အံ့နည်း–အစရှိသည်ဖြင့် လည်း မမေး၊ ဆိတ်ဆိတ်သာနေ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါအရှင်က လည်း သင်သည် ဇာတိမာန်ကြောင့် ငါ၏ ဂုဏ်ကျေးဇူးကြီးသော အဖြစ်ကိုမသိ၊ သင်စွမ်းနိုင်မူကား– ငါကဲ့သို့ကောင်းကင်ဖြင့် သွားစမ်း လော့ဟုဆို၍ ကောင်းကင်သို့ပျံပြီးလျှင် ကိုယ်တော်၏ခြေမှုန့်ကို ရသေ့ဦးခေါင်း၌ ကြဲလျက် မြောက်ဟိမဝန္တာသို့ ကြွလေ၏။ ရသေ့

mgyoe.com

mgyoe.com

လည်း ထိုအရှင် ကောင်းကင်သို့ ကြွသည်ကိုမြင်မှ ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍–

"ဤရဟန်းကား–လေးလံသောကိုယ်ရှိလျက် လေဝ၌ ပစ်ချသော ဂွမ်းစိုင်ကဲ့သို့ ပျံကြွနိုင်ပေသည်၊ ငါလည်း မာန်တက်များသောကြောင့် သို့စဉ်သော အရှင်မြတ်အား ရှိမခိုးမိ၊ ဘယ်အခါမှ ဘုရားဖြစ်ပါအံ့နည်းဟု မမေးလိုက်မိချေသည်၊ ဤအမျိုးမည်သည်ကား– အဘယ်ကျေးဇူးရှိအံ့နည်း၊ ဤလောက၌ အကျင့်သီလသာလျှင် မြတ်ပေ၏။ ဈာန် သမာပတ်ကိုဖြစ်စေလျက် မြက်အခင်း၌ နေနိုင်ပါ၏။ ငါ၏မာန်သည် ကြီးပွားသည်ရှိသော် အပါယ်လေးရွာသို့ လျင်စွာဆောင်လတ္တံ့၊ ယခုထိုမာနကို နှိပ်နင်း၍ ကျောင်းတွင်း၌သာ ဥပုသ်ဆောက်တည်ကာ ဈာန်သမာပတ်ကိုဖြစ်စေအံ့"

ဟု ကြံလျက် မြက်အခင်း၌နေ၍ ကသိုဏ်းပရိကံကို အားထုတ်သဖြင့် မမြင့်မီပင် ဈာန်သမာပတ် ခြောက်ရပ်သော အဘိညာဉ်တို့ကို ရလေ၏။ ရပြီးသော် ကျောင်းမှထွက်၍ ကျောက်ဖျာထက်၌နေပေ၏။

## ဥပုသ်သည်လေးဦးနှင့် ရှင်ရသေ့

ထိုအခါ ခိုအစရှိသော သတ္တဝါလေးဦးတို့သည် ဆည်းကပ်လာကုန်၏။ ထိုအခါ ရသေ့သည် ခိုကို ဤသို့မေး၏၊ သင်ခိုသည် အစာမရှာဘဲ ငြိမ်ဝပ်စွာနေသည်၊ ဥပုသ်စောင့်သလောဟု မေး၏၊ ခိုက စောင့်ပါသည်ဟုလျှောက်လျှင် ဘယ်အကျိုးကိုလိုချင်၍ စောင့်သနည်းဟု မေး၏။ ခိုကလည်း အရှင်ဘုရား ကျွန်ုပ်၏ခင်ပွန်းမကို စွန်ချီ၍ စားသည်ကို မြင်သောအခါ ကြင်နာပူပန်သော ပရိဒေဝဒုက္ခလည်း အလွန်ဖြစ်ရပါသည်၊ ထိုသို့ဖြစ်ရခြင်းသည် ခိုမ၌တပ်မက်ခြင်း ရာဂကြောင့် ဖြစ်ချေသည်၊ ထိုရာဂသည် တစ်ဖန်မလာစေလင့်ဟု ကိုယ့်စိတ်ကိုချုပ်၍ ဥပုသ်စောင့်သုံးပါသည်ဟု လျှောက်၏၊ ထို့နောက်မှ မြွေအစ

mgyoe.com

ရှိသော သတ္တဝါသုံးဦးတို့ကိုလည်း အသီးသီးမေးပြန်သော် ထိုသတ္တဝါ သုံးဦးတို့လည်း မိမိတို့နှလုံးသွင်းအတိုင်းလျှောက်ကြ၏။

ယင်းသို့လျှောက်ပြီးလျှင် အရှင်ရသေ့... အရှင်မြတ်လည်း ငြိမ်ဝပ်စွာ ဥပုသ်သုံးပေသည်၊ အဘယ်အကျိုးငှာစောင့်သုံးပါသနည်း၊ ကျွန်ုပ်တို့အား ဟောကြားပါဦးဟု လျှောက်ကြ၏။ ရသေ့ကလည်း ငါသည် ဈာတိမာန်ဖြင့် ယစ်သည်ဖြစ်၍ ထိုဈာတိမာန်ကို ပယ်လှန်ခြင်းငှာ ဥပုသ်စောင့်သုံးရသည်၊ အကျိုးမူကား–ထိုဈာတိမာန်သာမက ကာမဆန္ဒအစရှိသော နီဝရဏကိလေသာတို့သည် ဝေးကွာလွင့်ပါးသဖြင့် မြတ်လှသောဈာန်အဘိညာဉ်တရားတို့ကို ငါကား–ယခုရပေပြီ၊ ဥပုသ်သီလသည် အလွန်အကျိုးရှိလှ၏။ နောက်နောက်ကာလ၌လည်း စောင့်သုံးကြလေကုန်ဟု– ဆုံးမတော်မူ၏။

## ဇာတ်ပေါင်းနိဂုံး

မြတ်စွာဘုရားသည်လည်း ဤသို့သော တရားဒေသနာကို ဆောင်တော်မူ၍ ဒါယကာတို့... ဤဥပုသ်ဆောက်တည်ခြင်း မည်သည်ကား– ရှေးပညာရှိတို့ အနွယ်စဉ်လာပင်တည်းဟု မိန့်တော်မူ၍ ယခုအခါ အနုရုဒ္ဓါသည် ထိုအခါ ခိုဖြစ်၏၊ မဟာကဿပသည် ဝံဖြစ်၏၊ မဟာမောဂ္ဂလာန်သည် မြေခွေးဖြစ်၏၊ သာရိပုတ္တရာသည် မြွေဖြစ်၏၊ ယခုအခါ ငါဘုရားသည် ထိုအခါ ရသေ့ဖြစ်တော်မူ၏ဟု– ဇာတ်ကိုပေါင်းတော်မူ၏။

[ပကိဏ္ဏကနိပါတ် ပဉ္စုပေါသထဇာတ်၊ ဤဇာတ်၌ သတိသမ္ပဇည ဖြစ်စေအပ်သော သီလသမာဓိကိုပြသည်။]

## ဘုရားလောင်းယုန်မင်းအကြောင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည့် မင်းပြုတော်မူ၏၊ ထိုအခါ ငါတို့ ဘုရားအလောင်းတော်သည်

mgyoe.com

mgyoe.com

တစ်ခုသော တောင်ခြေတောယံဝယ် ယုန်အမျိုး၌ ဖြစ်လေ၏။ ထိုယုန်မင်းနေရာအနီးဖြစ်သော တစ်ခုစီသောတွင်းလိုဏ်၌ ဖျံသည်လည်းကောင်း, မြေခွေးသည်လည်းကောင်းနေ၏။ တစ်ခုသော သစ်ပင်၌ မျောက်သည်လည်း နေ၏။ ထိုသတ္တဝါလေးဦးတို့သည် ကြည်နူး စုံမက်ပေါင်းဖက်ပြောဟောလျက် ကောင်းသော မိတ်ဆွေဖြစ်ကြသတည်း။

တစ်နေ့သ၌ ယုန်မင်းသည် ကောင်းကင်သို့ကြည့်လေသော် ပြည့်သောလဝန်းဖြင့် တက်ထွန်းလာသည်ကိုမြင်၍ ခင်ပွန်းသုံးဦးတို့ကို ခေါ်ပြီးလျှင် အဆွေတို့... နက်ဖြန်အခါကား စန္ဒာ လစက်ပြည့်၍ ထွက်သော ဥပုသ်ရက်မြတ်ကြုံလိမ့်မည်၊ ဘုရား,ပစ္စေကဗုဒ္ဓါရှင်မြတ်စွာတို့ ကောင်းစွာ အားထုတ်စည်းဝေးလုပ်သော ဥပုသ်နေ့ရက်ဖြစ်ပေသည်။ လူ့ပြည်လူ့ရွာ၌ ပညာရှိပေါင်း သူတော်ကောင်းဟူသမျှတို့လည်း ဒါန, သီလဆည်းပူးကြသော ရက်မွန်ရက်မြတ်ဖြစ်ချေသည်၊ ထို့ကြောင့် နက်ဖြန်နံနက် အရုဏ်တက်မှ နေဝင်ကျအောင်သီလအင်္ဂါခြောက်ဖြာမယုတ် ကြိုးအားထုတ်၍ ဥပုသ်ဆောက်တည်ကြရမည်၊ ရဟန်း, ပုဏ္ဏားစသော အလှူခံတို့လာလျှင်လည်း စားရာမှခွဲခြမ်း၍ လှူဒါန်းစွန့်ကြဲကြရမည်၊ ငါသြဝါဒပေးသမျှကို စိတ်ကမှတ်သား၍ တရားလက်သုံးရှိကြကုန်ဟု– ဆုံးမ၏။

## ယုန်မင်းနှင့် အဖော် ၃–ဦး အလှူခံမျှော်နေခြင်း

ဖျံ, မြေခွေး, မျောက် ဤသုံးယောက်တို့ကလည်း ကောင်းပါပြီဟု ဝန်ခံပြီးလျှင် နံနက်သောအခါ အစာရှာကြသော်–

၁။ ဖျံမှာ တံငါတို့ရေနားတွင် ဝှက်ထားခဲ့သော ငါးကြင်းခုနစ်စီးကိုရ၏။

၂။ မြေခွေးမှာ လယ်သမားတို့ တဲ၌ထားခဲ့သော နို့စမ်းအိုးနှင့် အမဲကင်ကိုတွေ့၍ အရှင်ရှိ၏လော မရှိ၏လောဟု အသံပြုသော်လည်း မပေါ်လာသောကြောင့် ချီကာ ဆောင်ခဲ့၍

mgyoe.com

မိမိနေရာချုံတွင်း၌ ထား၏။

၃။ မျောက်မှာလည်း သရက်သီးမှည့်ကိုရ၍ သင့်ရာ၌ ထားပြီးလျှင် မိမိတို့စောင့်သော သီလကိုဆင်ခြင်၍ နေကြကုန်၏။

၄။ ယုန်မင်းမူကား–ဤသို့ကြံ၏၊ ငါမူကား–အလှူခံ မြတ်များနှင့် အစာချင်းမတူ လူမစုံမက်သော မြက်နုတို့ကိုသာ ငါစားချေသည်၊ အလှူကောင်းမှုငါပင်ပြုသော်လည်း ဝတ္ထုကို အလှူခံ မနှစ်သက်က အကျိုးဆက်မကြီးရာချေ၊ ငါ့ အသက်ကို အသေခံ၍ အလှူခံပုဂ္ဂိုလ်တို့အား ငါ့အသား ကိုလှူရမူ ဇီဝိတဒါနဖြစ်၍ ငါတောင့်တသော ဗောဓိဉာဏ် ကို အမှန်ရလိမ့်မည်တကား–ဟု အားသစ်၍ကြံဆဲတွင် လွန်ကဲ သော ပီတိသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်စွာ ဘယ်အခါ ၌ ငါ၏အသားကို စားလိုသောအလှူခံတို့လာပါအံ့နည်း ဟု တွေးမျှော်လျက်နေ၏။

## သိကြားမင်းပုဏ္ဏားယောင်ဆောင်၍အလိုစမ်းခြင်း

ထိုအခါ သိကြားမင်းနေရာကမ္ဗလာသည် လွန်စွာပူလောင်သဖြင့် လူ့ဘောင်သို့ကြည့်လေသော် အလောင်းတော်ယုန်မင်း၏စိတ် အကြံကို သိလတ်ရကား–ဤယုန်ငယ်သည် ကြံသည့်အတိုင်း ပြုနိုင်မည်, မပြုနိုင်မည်ကို စုံစမ်းခြင်းငှာ ပုဏ္ဏား၏အယောင်ဖြင့်လာ၍ ရှေးဦးစွာ ဖျံ၏အနီးသို့ကပ်ပြီးလျှင် အသင်ဖျံမင်း... ငါသည်တစ်စုံ တစ်ခုသော အစာကို စား၍ယနေ့ဥပုသ်ဆောက်တည်လိုပါသည်၊ သင် ဖျံမင်း၌ ကြွင်းကျန်သောအစာရှိမူကား–ငါ့အား လှူပါလော့ဟုဆို၏။ ထိုစကားကို ကြားသော်ဖျံမင်းက အရှင်ပုဏ္ဏား... ကျွန်ုပ်လက်တွင် ငါးကြင်းခုနစ်စီးအပြီး ယခုရှိပါသည်၊ အဆီဝင်းဝင်း ထိုငါးကြင်းကို စားလိုသမျှစား၍ ဤတောအုပ်၌ ဥပုသ်စောင့်နေပါလော့ဟုဆို၏၊ ပုဏ္ဏားကလည်း ကောင်းလှပါပြီ ယခုအခါ စောပါသေး၏၊ လိုသော

mgyoe.com

mgyoe.com


အခါ ငါယူလာအံ့ဆို၍ ထိုနှင့်မနီးမဝေးမြေခွေး၏ထံသို့ကပ်၍ တောင်းပြန်သော် မြေခွေးကလည်း အရှင်ပုဏ္ဏား... ကျွန်ုပ်၌လယ်လုပ်ယောကျ်ားမေ့၍ထားခဲ့သော အမဲသားကင်နှင့် နို့ဓမ်းအိုးသည်ရှိပါ၏။ ဆရာပုဏ္ဏားသည် စားလိုသမျှစားသုံး၍ နှလုံးမွေ့လျော်ဖွယ်ရှိသော တောအုပ်၌ ဥပုသ်စောင့်နေပါလော့ဟုဆို၏။

ထိုပုဏ္ဏားကြီးလည်း ရှေးနည်းတူစကားဖြင့် မြေခွေးအားပြောဆိုပြီးလျှင် မျောက်၏ထံသို့ကပ်၍ ရပ်ခံပြန်သော် မျောက်ကလည်း ဆရာပုဏ္ဏား... အကျွန်ုပ်အား ဆောင်ယူထားသော သရက်သီးမှည့်သည် အပြီးပင်ရှိပါသည်၊ ဆရာပုဏ္ဏားသည် စားလိုသမျှစား၍ ဤတောအုပ်၌ ဥပုသ်စောင့်နေပါလော့ဟုဆို၏။

ထိုပုဏ္ဏားလည်း ရှေးနည်းစကားဆိုခဲ့ပြီးလျှင် ယုန်မင်းထံသို့ကပ်၍ ရပ်ခံခွင့် တောင်းပြန်လေသော် ယုန်သူတော်ကောင်းလည်း လျောင်းစက်ရာမှ ရုတ်ခြည်းထ၍ ငါ့အလိုပြည့်–ရောက်လာတည့်ပေသည်၊ ငါ၏ဆန္ဒရွယ်တိုင်းရတော့မည်ဟု ပါမောဇ္ဇပီတိ ကိုယ်အလုံးရှိပြီးလျှင် "နသ သဟိတေ အတ္ထိ" အစရှိသော ဂါထာဖြင့်–

"ဆရာပုဏ္ဏား... ယုန်မျိုးသတ္တဝါ ငါတို့မှာကား နေစာမြက်စို၊ ပဒေါ်ညို၊ မုန်ညင်း၊ မြက်ခပင်းကိုသာ ထမင်းပြုလုပ်ရပါသည်၊ ကျွန်ုပ်ခိုဋ္ဌာန်စိတ်အကြံမှာ အာဂန္တုသူတောင်းစားရောက်လာငြားမူ အသားအသွေးပေးလှူမည်အကြံနှင့် အလှူခံကိုမျှော်လင့်၍ အသင့်နေပါသည်၊ ကျွန်ုပ်အသားလည်း ပုဏ္ဏားတစ်ယောက်မှ ဝလောက်တန်ပါ၏၊ ငါ၏ကိုယ်ရှိတိုင်းကိုဖြတ်ပိုင်းခုတ်လှီး၍ မီးကျီးထဲတွင် ဖုတ်ကင်၍ စားတော်မူပါ၊ အမြွတ်ဆုံးဆိုရသော ဒါနပါရမီ စာဂီတိုင်မြောက်အောင် စားသောက်တော်မူပါ"–

ဟု အခါခါနှုတ်မြွက်၍ အသက်အလှူပေးသည်တွင် သိကြားမင်းလည်း မိမိတန်ခိုးဂုဏ်ဖြင့် မီးပုံဖန်ဆင်းပြီးလျှင် အသင်ရှေ့ယုန်...

mgyoe.com

mgyoe.com

ဤမီးပုံသို့ဆင်းလော့၊ သင်၏အသားကျက်သောအခါ ငါစားပါအံ့ဟု ဆိုသော် ယုန်သူတော်လည်း ဩော်–ငါ၏အမွေး၌ အလေးအမွှား တို့အများရှိချေသည်၊ ငါ့ကိုမှီ၍ ဤပိုးမွှားတို့အသက်သည် မပျက် ကောင်းပေရာ–ဟု ကရုဏာသမ္ဗဇဉ် ယှဉ်သောနှလုံးဖြင့် သုံးကြိမ်တိုင် အောင် ခါပြီးလျှင် ကြာအိုင်အတွင်းသို့ သက်ဆင်းသော ဟင်္သာငှက် ကဲ့သို့ ရုတ်တရက်ခုန်၍ မီးပုံသို့သက်တော်မူ၏။

သိကြားညှိပျိုး၍ ငရဲအိုးတမျှ ပူလှသော မီးရှိန်သည် သုခမိန် ယုန်မင်း၏ဖြည့်တင်းသော ပါရမီကြောင့် ဂေါသီတ စန္ဒကူးကဲ့သို့ အထူးထူးချမ်းအေး၍ ကိုယ်မွေးတစ်ပင်မျှ မီးဝင်၍မငြိဘဲ ပကတိ ဖြစ်လေသည်တွင်

> "အရှင်ပုဏ္ဏား... သင်ပျိုးသော မီးပုံသည်ကား–ငါ့အား လောင်မည်ကိုဝေးစွ ကိုယ်မွေးတစ်ပင်ကိုမျှ မငြိုက်၊ ဤတော၌ ထင်းစု ၍ ယခုပင်ပုံပါဦးလော့"–

ဟုဆို၏။ ထိုစကားကိုကြားသော် သိကြားမင်းကလည်း အဆွေ ယုန်မင်း... ငါတစ်မူကား–ပုဏ္ဏားမဟုတ်၊ အယုဇ္ဈပြည့်ရှင်ဘုရင်သိကြား ဖြစ်ပေသည်။ ပါရမီဖြည့်ခြင်း၌ ယုန်မင်း၏သတ္တိရှိ–မရှိကိုသိလို၍ သာ ငါမီးပုံငြိုက်သည်။ လောကသုံးခွင် ဘုံအပြင်၌ သင်နှင့်ထပ်တူ ရဲရင့်သူကို လူခွင်,နတ်ခွင်ဘုံအပြင်၌ မမြင်စဖူး သင်တစ်ဦးသာ အထူး အမြတ်ဖြစ်ပေသည်၊ သဗ္ဗညုရတနာ ဂုဏ်မြတ်စွာကို လျင်စွာရလွယ် ပေလိမ့်မည်ဟု ချီးမွမ်းမြှောက်စားလျက် နေမြဲနေရာ၌ထားပြီးမှ ဖျံ, မြေခွေး, မျောက်တို့အားလည်း တရားဩဝါဒဖြင့် ဆုံးမပေးပြီးလျှင်–

> "ပညာရှိယုန် သူကျင့်ပုံကိုမကြဲစကောင်း အပေါင်းလူ, နတ်နည်းယူအပ်ပေသည်၊ ဘဒ္ဒကပ်မည်သာ ဤကမ္ဘာတွင်စံယူ ရာဖြစ်ပါစေ–"

ဟု နှလုံးထားလျက် တစ်ခုသော တောင်ဆီဖြင့် လဗိမာန်၌ ယုန်သဏ္ဍာန်ရေးထား၍ ထင်ရှားခုတိုင်ဖြစ်လေသတည်း။

mgyoe.com

mgyoe.com

သိကြားမင်းကား– အနုရုဒ္ဓါ၊ ဖျံကား– အရှင်အာနန္ဒာ၊ မြေခွေးကား– မောဂ္ဂလာန်၊ မျောက်ကား–သာရိပုတ္တရာ၊ ယုန်ပညာရှိကား–ငါဘုရားဖြစ်တော်မူ၏ဟု ဇာတ်ကိုပေါင်းတော်မူသည်။

[ဤဇာတ်လည်း သတိသမ္ပဇညဖြင့် ဖြစ်သောသီလ, သမာဓိကိုပြသည်။]

သီလစောင့်ထိန်းသူတို့ဝတ္ထုပြီး၏။

*

## ၂- သူ့အသက်ကို ရက်စက်စိမ်းကားသတ်သည်များကြောင့်၊ မယားပါ-သားပါ၊ ကိုယ်ပါမနေ၊ နေ့ချင်းသေရသော၊ တောရှာနေ လုဒ္ဒက-ဟူရာဠ-ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသတည်း၊ ထိုအခါ ဘုရားအလောင်းတော်သည် မျောက်အမျိုး၌ဖြစ်၍ ဟိမဝန္တာတောအုပ်၌ မျောက်အပေါင်း ရှစ်သောင်းကို မင်းပြုလျက်နေ၏။ ကြီးသော နှစ်သက်စဖွယ် တင့်တယ်သော ကိုယ်အင်္ဂါရှိသောကြောင့် မဟာနန္ဒိယ မျောက်မင်းမည်၏။ ညီတော်ကား–စူဠနန္ဒိယမည်၏၊ ထိုမျောက်ညီနောင်တို့သည် မျက်စိမမြင်သော မိခင်မျောက်မအား အေးမြသာယာသော ချုံ၌ထား၍ အစားအသောက်ပေးလျက် အလုပ်အကျွေးပြုကြ၏၊ မဟာနန္ဒိယမျောက်မင်းသည် အသင်းအရွေနှင့်တကွ တောနက်သို့ဝင်၍ ချိုမြိန်ကောင်းမြတ်သော သစ်သီးမှည့်တို့ကို ယူခဲ့ပြီးလျှင် မိမိ၏အစေခံမျောက်ကို ငါ့မိခင်အား ပေးချေဟုစေ၏၊ အစေခံမျောက်လည်း လမ်းကပင် အကောင်းအမှည့်ကို မိမိစား၍ အသီးနုကိုသာ မျောက်မကြီးအားပေးလေရကား–မျောက်မကြီးသည် သစ်သီးညံ့တို့ကိုသာ စားဖန်များသဖြင့် ပိန်ခြောက်သော ကိုယ်ရှိလေ၏။

မဟာနန္ဒိယမျောက်မင်းလည်း သုံးရက်တစ်ကြိမ်, လေးရက်တစ်

mgyoe.com

ကြိမ် မိခင်ထံလာ၍ကြည့်သဖြင့် ကြုံလှီသည်ကိုမြင်သော် မိခင်အဘယ့်ကြောင့် ကြုံလှီပါသနည်းဟု မေး၏၊ မျောက်မကြီးကလည်း ချစ်သား... မကောင်းသောသစ်သီးတို့ကိုသာ စားရသောကြောင့် အသားအရေ မဖြစ်နိုင်လေသည်–ဟုဆိုလျှင် မိခင်... ကျွန်ုပ်မူကား–မှည့်ရင့်သော သစ်သီးကိုသာ ပေးပါစေသည် မဟုတ်လော၊ ချစ်သား... မိခင်ထံသို့ ရောက်သောအခါ အနုအမာချည်းသာဖြစ်ချေသည်ဟု ပြော၏၊ ထိုစကားကိုကြားသောအခါ မဟာနန္ဒိယမျောက်မင်းလည်း ဤသို့ကြံ၏။

"ငါသည် ဤမျောက်အပေါင်းကို စောင့်ရှောက်လျက်သာနေသော် ငါ့မိခင် သေချေတော့မည်၊ ချင်းတို့ကို စောင့်ရှောက်ရသည်ထက် မိခင်ကို လုပ်ကျွေးရခြင်းသည်သာလျှင် မြတ်၏"

ဟု နှလုံးသွင်း၍ ညီဖြစ်သော စူဠနန္ဒိယကိုခေါ်ပြီးလျှင် ငါ့ညီစူဠနန္ဒိယ... ဤရှစ်သောင်းသော မျောက်အပေါင်းကို အမောင်သာလျှင် စီရင်စောင့်ရှောက်ပါလော့။ ငါမူကား–မိခင်ကိုလုပ်ကျွေး၍နေတော့မည်ဟုဆို၏၊ ညီကလည်း ဤမျောက်အသင်းနှင့် မင်းမပြုလိုပါ၊ မယ်တော်ကိုသာလုပ်ကျွေး၍ နေလိုပါသည်ဟု ညီအစ်ကို ၂–ဦးပင် ဆန္ဒတူကြရကား–အပေါင်းမှဖယ်ခွာ၍ မိခင်မျက်မမြင်ကို ဆောင်ခဲ့ပြီးလျှင် ဟိမဝန္တာတော၏ အစွန်ဖြစ်သော ပညောင်ပင်ကြီးတစ်ခု၌ထား၍ ညီနောင်နှစ်ပါးပင် လုပ်ကျွေးလျက်နေကြ၏။

ထိုအခါ ဗာရာဏသီမြို့၏အနီး၌နေသော ပုဏ္ဏားတစ်ယောက်သည် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာကို သင်ပါသော်လည်း ဉာဏ်လေးလှသောကြောင့် မတတ်နိုင်ရကား–မိဘထံသို့ပြန်ခြင်းငှာ ဆရာကိုပန်ကြားသော် ဆရာက တပည့်၏အချင်းအရာကို အင်္ဂဝိဇ္ဇာ အတတ်ဖြင့်သိ၍ ဤသို့ ဆုံးမလိုက်၏၊ ချစ်သား... သင်သည် အမျက်ကြီး၏၊ သူတစ်ပါးတို့အား သနားခြင်းနည်းသော စိတ်ရှိ၏၊ ထိုစိတ်သို့ လိုက်၍ ကြက်, ဝက် ကျေးငှက်စသော သတ္တဝါကိုမျှလည်း ညှဉ်းဆဲသတ်ဖြတ်ခြင်းကို မပြုလေလင့်၊ ညှဉ်းဆဲသတ်ဖြတ်သောကံသည်

mgyoe.com

မိမိကိုယ်သို့ပြန်သဖြင့် မြန်စွာပျက်စီးရတတ်၏၊ ဤစကားကို ကောင်းစွာမှတ်သား၍ သူ့အသက်ကို သတ်ခြင်း, ညှဉ်းဆဲခြင်းမှ ကြဉ်ရှောင်ပါလေလော့ဟု ဆုံးမလိုက်၏။

ပုဏ္ဏားလည်း ဆရာကိုရှိခိုး၍ ပြန်ခဲ့သဖြင့် မိဘရပ်ရွာသို့ရောက်လျှင် အရွယ်တူသော မိန်းမနှင့်စုံဖက်၍နေကြသော် အသက်မွေးစရာ ပညာအတတ်မရှိရကား– လေး,မြား,လှံ,ဓားကိုဆောင်ကာ တောသတ္တဝါတို့ကို ပစ်သတ်ရောင်းချ၍ အသက်မွေး၏၊ ယင်းသို့ အကျင့်အမူ ဆိုးရကား–မုဆိုးဟု သမုတ်ကြသတည်း၊ တစ်နေ့သ၌ ထိုမုဆိုးသည် တော၌လှည့်လည်သော်လည်း တစ်စုံတစ်ခုမျှ မရဘဲပြန်ခဲ့၍ တောစွန်၌ တည်နေသော ပညောင်ပင်ကြီးကိုမြင်၍ အပန်းဖြေချင်သော စိတ်ရှိရကား ထိုညောင်ပင်သို့ ရှေးရှုလာ၏၊ ထိုသို့လာသည်ကို မဟာနန္ဒိယမျောက်မင်းမြင်လျှင် မိခင်နှင့်ညီကိုခေါ်၍ ဤသူကား–ငါတို့ကိုပစ်သတ်အံ့သောသူတည်း၊ မမြင်အောင် သစ်ခွ၌ ပုန်းပါ ပုန်းပါဟု ဆို၏။

ထိုညီနောင်နှစ်ဦးမှာ ပုန်းနိုင်ကြ၏။ မိခင်မျောက်မမူကား– မျက်စိမမြင်သောကြောင့် လုံအောင်မပုန်းနိုင်။

မုဆိုးသည် သစ်ပင်အောက်သို့ရောက်၍ အတန်ကြာလျှင် မျောက်မကိုမြင်၍ လေးနှင့်ပစ်ခြင်းငှာ လေးမြားကိုကိုင်၏၊ မဟာနန္ဒိယမျောက်မင်းက မုဆိုးလေးကိုင်သည်ကိုမြင်လျှင် ညီစူဠနန္ဒိယကို ဤသို့ဆို၏၊ ငါ့ညီ… ဤယောကျာ်းသည် ငါ့မိခင်ကိုပစ်ခြင်းငှာ ပြင်ဆင်၏၊ မိခင်အား ငါ့အသက်ကိုပေးအံ့၊ ငါသေသော် သင်သည် မိခင်ကိုလုပ်ကျွေးရစ်ပါဟု မှာပြီးလျှင် သစ်ခက်ကြားမှထွက်၍ အိုယောကျာ်း… ငါ့မိခင်ကိုမပစ်ပါလင့်၊ ဤမိခင်သည် ကန်းလည်းကန်း၏၊ အိုလည်း အို၏၊ ငါသည် မိခင်ကို အသက်အလှူပေးပါအံ့၊ ငါ့ကိုသာလျှင် ပစ်သတ်ပါလော့ဆို၍ မြားနီးရာသို့ လာ၍ခံ၏၊ မုဆိုးလည်း လေးနှင့်ပစ်လေလျှင် မဟာနန္ဒိယမျောက်သည် ဦးဇောက်ကျွမ်းပြန်ကျလေ၏။

မုဆိုးလည်း သနားခြင်းကင်းသည့်သူဖြစ်ရကား– မျောက်မကို

mgyoe.com

mgyoe.com

ပစ်ခြင်းငှာ လေးကိုတင်ပြန်၏၊ စူဋ္ဌနန္ဒိယမျောက်လည်း လေးတင်သည်ကိုမြင်လျှင် ဤသူသည် ငါ့မိခင်ကို ပစ်ပြန်တော့မည်၊ နောက်တစ်ရက်မျှ အသက်ရှင်စိမ့်သောငှာလည်း ငါထွက်၍ခံမူ ဇီဝိတဒါနဖြစ်ရာသည်ဟု နှလုံးပြု၍ ပုန်းရာမှ ထွက်ပြီးလျှင် အရှင်ပုဏ္ဏား၊ ငါ့မိခင်ကိုမသတ်ပါလင့်၊ မိခင်၏ကိုယ်စား ငါ့အားသာလျှင် ပစ်သတ်ပါလော့၊ ငါတို့ညီနောင်နှစ်ဦးကိုသတ်၍ မိခင်၏အသက်ကို ပေးပါလော့ဟု ခွင့်တောင်းပြီး မြားနှင့်အနီး၌နေလေ၏၊ မုဆိုးလည်း ထိုမျောက်ကိုပစ်၍ ကျစေပြီးမှ မျောက်မကိုလည်း တစ်ဖန်ပစ်ပြန်၏၊ သားအမိသုံးကောင်လုံးကို ထမ်းပိုးဖြင့် ထမ်း၍လာခဲ့သော် ထိုမုဆိုး၏ အိမ်မှာလည်း မိုးကြိုးလောင်မီးကျသဖြင့် မုဆိုး၏မယားသည်လည်းကောင်း, သားငယ်နှစ်ယောက်သည်လည်းကောင်း မီးသင့်၍သေလေ၏။

အိမ်၌ ထုပ်, လျော်, မြား, ဒိုင်းသာကျန်၏၊ မုဆိုးလည်း ရွာတံခါးသို့ရောက်၍ သားမယားတို့၏သေကြောင်းကို သူတစ်ပါးပြော၍ ကြားရလျှင် သောကပရိဒေဝမီးသည် အားကြီးစွာလောင်ရကား– ထိုနေရာ၌ပင် လေး, မြား, အမဲတို့ကို ပစ်ထားခဲ့၍ လက်ကိုမြှောက်၍ ငိုကြွေးကာလာပြီးလျှင် အိမ်ပျက်အတွင်းသို့ဝင်လေသော် ပျက်ရာမှ ကျန်သော မြား, ဒိုင်းသည် မုဆိုး၏ခေါင်းထက်သို့ကျ၍ တစ်ခြမ်းမျှ လောက်ကွဲသဖြင့်ရှုလေ၏၊ ထိုအခါမှ ဆရာဆုံးမလိုက်သည်ကို အောက်မေ့မိ၍ ငါ့ဆရာသည် ဤသို့ဖြစ်လတ္တံ့သည်ကိုမြင်သောကြောင့် ငါ့အား ဆုံးမလိုက်ပေသည်၊ ငါသည် ဆုံးမရာကို မယူမနာ ကြမ်းကြုတ်စွာ ပြုမိသောကြောင့် သူ့ကိုပြုစား ငါခံရချေသည်၊ သူတော်ကောင်း, သူဟောင်းတို့၏စကားသည် မှန်ပေစွဟု ချီးမွမ်းလျက် အသက်ကုန်သဖြင့် ငရဲသို့ရောက်လေ၏ဟု ဒုကနိပါတ်၌လာသည်။

ဤဇာတ်၌ ပုဏ္ဏာမျိုးဖြစ်သော်လည်း သတ္တဝါတို့အား သတ်ပုတ်နှိပ်စက်လျက် မျက်ရည်စီးယို ငိုစေတတ်သောကြောင့် လုဒ္ဒကဟု ဆိုသည်၊ ထို့ကြောင့် အဂ္ဂိတ္တိုရ်ငို့ကာ၌ "ပရေသံ ဟနနဃတနာ

mgyoe.com

mgyoe.com

ဒိန္န ရောဒါပနတောလုဒ္ဒေါ" ဟူ၍ဖွင့်သည်၊ မူလပဏ္ဏာသဋီကာ၌ "ရောဓေတိ အဿုနိမောစေတိတိ ရုန္ဓော၊ သောဇဝလုဒ္ဒေါ" ဟူ၍ ဖွင့် သည်။]

ပါဏာတိပါတကံအပြစ်ပြဝတ္ထုပြီး၏။

*

## ၃-ရောင်းဝယ်ရေးကိစ္စမှာ၊ ကိုယ်မှရစေ၊ ကောက်ကျစ် လေသောကြောင့်၊ ကြေးငွေအလုံး၊ ရသမျှဆုံး၍၊ လူလုံး သာပြန်လာရသော ကုန်သည်စဉ်းလဲဟူရာ၌-ဝတ္ထု

ရှေးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်အမည်ရှိသော မင်းသည် မင်းပြု၏၊ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် ကုန်သည်အမျိုး၌ဖြစ်၍ ဖြောင့်မတ်မှန်ကန်စွာ ရောင်းဝယ်၍ အသက်မွေးရကား–သုဓမ္မကုန်သည်ဟုတွင်၏၊ ထိုသုဓမ္မ၏ညီ ကုန်သည်မူကား–စဉ်းလဲလှည့်ပတ်ခြင်းများသဖြင့် ရောင်းဝယ်၍ အသက်မွေးတတ်သော ကြောင့် ကူဋဝါဏိဇမည်၏၊ ထိုကူဋဝါဏိဇသည် သူတစ်ပါး၏ဥစ္စာကို ချေးငှား၍ရလျှင် ပြန်၍မပေးမဆပ်ရအောင်သာ ပြောဆိုလေ့ပြု၏၊ ရောင်းဝယ်ရာ၌လည်း သပြာစဉ်းလဲ, ချိန်စဉ်းလဲ, တင်းစဉ်းလဲတို့ဖြင့် ရောင်းဝယ်လေ့ပြု၏၊ ထိုအကြောင်းကိုသိ၍ အစ်ကိုသုဓမ္မက–

"ငါ့ညီ... သူတစ်ပါးကို လှည့်စားကောက်ကျစ်သဖြင့် စီးပွားရှာလျှင် ရှည်မြင့်စွာမဖြစ်တတ် ပျက်စီးလွယ်တတ်သည်၊ လူနတ်အားလုံး မုန်းတတ်သည်ဟူ၍ ငါတို့ဘိုး, ဘွား, မိဘ ဆုံးမလေ့ပြုသည်၊ ထို့ကြောင့် ငါ့ညီသည် လိမ်လည်ကောက်ကျစ်ခြင်းကို မပြုပါလင့်"–

ဟု ဆိုဆုံးမ၏။ ထိုစကားကိုကြားသော် ညီဖြစ်သော ကူဋဝါဏိဇကလည်း အစ်ကို... အမှန်ကိုသာပြောဆို၍ ဥစ္စာရှာသဖြင့် အဘယ်မှာ ရနိုင်အံ့နည်း၊ ဉာဏ်ရိုးကြီးနှင့် စီးပွားရှာ၍မဖြစ်နိုင်ရာ၊ ရလာလျှင်

mgyoe.com

ယူရချိမ့်မည်ဆို၍ အစ်ကို၏စကားကိုငြင်းဆန်၏၊ တစ်ရံသောအခါ ဂင်္ဂါ၏တစ်ဖက်ဖြစ်သော မြို့ရွာသို့ အဝတ်တန်ဆာရောင်းခြင်းငှာ ညီနောင်နှစ်ဦးသွားကြ၏၊ အစ်ကိုသုဓမ္မက ချင်းနှင့် အတူရောင်းမူကား– ငါ့အား မကောင်းသတင်းဖြစ်ရာ၏ဟု သဘောထားပြီးလျှင် တစ်ယောက်တစ်ရွာစီဝေ၍ ရောင်းကြ၏၊ သုဓမ္မကုန်သည်မူကား– မှန်ကန်သည်ကိုပြောဆို၍ ရောင်းသဖြင့် အရင်းဥစ္စာထက် ထမ်းပိုးသာလျှင် မြတ်၏၊ ညီကုဋ္ဌဝါဏိဇ္ဇမူကား–သိမြင် လိမ္မာသောသူ၏ထံ၌ အမှန်ကိုပြော၍ ရောင်း၏၊ မသိသောသူ၏ထံ၌ ကား–ဝါကြွား, ကောက်ကျစ်သဖြင့် ရောင်း၏။

ယင်းသို့စဉ်းလဲစွာရောင်းရကား– ပါရင်းဥစ္စာထက် သုံးထမ်းပိုးတက်၍ရှိ၏၊ ရောင်းပြီး၍ အတူပြန်ကြသောအခါ လမ်းမှာ ရန်သူတို့မနှောင့်ယှက်စိမ့်သောငှာ အစ်ကိုမှာ ရသောသပြာကို စားဖွယ်ရာ အထုပ်ကဲ့သို့ ပြု၍ယူခဲ့၏၊ ညီမူကား– အိုးငယ်တွင်ထည့်၍ ထိုအိုး၌ စားဖွယ်ဖုံး၍ယူခဲ့၏၊ ဂင်္ဂါမြစ်သို့ရောက်သော် မြစ်ကမ်း၏အနီး ညောင်ပင်ကြီး၌နား၍ ထမင်းချက်ကြ၏။ ယင်းသို့ချက်နေသောအခိုက် ညောင်ပင်ထက်မှ မျောက်တစ်ကောင်သည် ဆင်းလာ၍ ကုဋ္ဌဝါဏိဇ္ဇသပြာအိုးကိုယူပြီးလျှင် ညောင်ပင်အထက်သို့တက်လေ၏၊ ကုဋ္ဌဝါဏိဇ္ဇလည်းအောက်က ဟစ်အော်၍ ခဲခြင့်ပစ်ခတ်၍ လိုက်သော် ရေပေါ်သို့သွားသော အကိုင်းသို့ရောက်လျှင် အိုးကိုဖွင့်သောအခါ စားဖွယ်ရာမဟုတ်သည်ကိုသိ၍ ရေထဲသို့တွန်းချလိုက်သဖြင့် ဥစ္စာအားလုံးဆုံးလေ၏၊ ရေလည်းနက်လှသောကြောင့် မငုပ်မရှာနိုင်။

ကုဋ္ဌဝါဏိဇ္ဇလည်း နှမြောလှသောကြောင့် ရင်ကိုထုကာ, ထုကာများစွာငိုယို၏။ ထိုအခါ အစ်ကိုက–

"ငါ့ညီ... သင့်ကိုငါပြောပါလျက် ငါ၏စကားကို မနာမယူ၊ သင်၌မတရားသဖြင့်ရသောပစ္စည်းပါသောကြောင့် သင့်ထံမှာမတည်ဘဲ ဆုံးပါးခြင်းဖြစ်လေသည်၊ နောင်သော

mgyoe.com

mgyoe.com

အခါ ဖြောင့်မတ်စွာပြုလော့၊ သူတစ်ထူးကို ပူပန်အောင်ပြုလျှင် ကိုယ်လည်း ပူပန်ရမြဲ ဓမ္မတာဖြစ်ချေသည်”–

ဟု ဆိုဆုံးမ၏၊ ကုဋ္ဌဝါဏိဇ္ဇလည်း ပြင်းစွာသော ဒုက္ခဖြင့်နှိပ်စက်လျက် လက်ချည်းသာလျှင် အိမ်သို့ပြန်လာရ၏၊ ယခုအခါ၌ ကုဋ္ဌဝါဏိဇ္ဇသည် သာဌေယျရဟန်းဖြစ်၏၊ သုဓမ္မကား–ငါဘုရားဖြစ်၏–ဟု ဇာတ်ကိုပေါင်းတော်မူ၏။

*

## ၄-ရွှဲကုန်သည်လည်း တစ်ယောက်ဟူရာ၌-ဝတ္ထု

လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ငါးကမ္ဘာအထက်၌ ငါတို့ဘုရားအလောင်းတော်သည် သေရိဝတိုင်း၌ ရွှဲကုန်သည်အမျိုး၌ဖြစ်၏၊ ဒေဝဒတ်အလောင်းသည်လည်း ထိုတိုင်း၌ ရွှဲကုန်သည်လည်းကောင်းဖြစ်၏၊ လောဘရမ္မက်ကြီး၏၊ သူ၏စီးပွား, ကိုယ်၏စီးပွားကို မထောက်မထားများစွာစဉ်းလဲခြင်းရှိ၏။ ထိုရွှဲကုန်သည် နှစ်ဦးတို့သည် တစ်ရံသောအခါ ရွှဲရောင်းခြင်းငှာ သွားကြသည်ရှိသော် နီလဝါဟ မည်သောမြစ်ကိုကူး၍ အရိဋ္ဌပုရမည်သောပြည်သို့ဝင်၍ ရောင်းလိုရကား– မြို့ခရီးကို ဤသို့ဝေကြ၏၊ အဆွေ... ငါတို့နှစ်ဦးကား မိတ်ဖြစ်ကြသည်၊ တစ်ဦးသည် တစ်ဦးအား အပြစ်မဆိုရအောင် ငါက တောင်ဘက်မှဝင်၍ ရောင်းမည်၊ သင်က မြောက်ဘက်မှဝင်၍ရောင်းလော့၊ သင်ရောင်းပြီးဌာန၌လည်း ငါရောင်းဦးမည်၊ ငါရောင်းပြီးသောဌာန၌လည်း သင်ရောင်းလော့–ဟုဆို၍ ခရီးကိုဝေပြီးမှ ဝင်၍ရောင်းကြ၏။

လောဘကြီးကုန်သည်လည်း မြောက်တံခါးမှဝင်၍ ရောင်းလာသော် မိမိရောင်းရာခရီး၌ သူဌေးကြီးတစ်ဦး၏အမျိုးသည် ပျက်စီးသေဆုံးကြသည်ဖြစ်၍ တစ်ယောက်သောသူငယ်မနှင့် အဘွားတစ်

mgyoe.com

ယောက်သာ ကြွင်းကျန်၏၊ ထိုမြေးအဘွားနှစ်ယောက်တို့သည် သူ
တစ်ပါးတို့၏အငှားပြု၍ အသက်မွေးရ၏၊ ထိုမြေးအဘွား တို့၏အိမ်၌
ကား သူဌေးကြီးသုံးဆောင်သော ရွှေခွက်တစ်ခုသည် ရေအိုးကြား၌
ရှည်မြင့်စွာ မသုံးဆောင်သောကြောင့် အညစ်, အကြေး မြေချေးတက်
သည်ဖြစ်၍ ခဲခွက်ကဲ့သို့ နေ၏၊ ရွှေခွက်ဖြစ်ကြောင်းကို မြေးအဘွားတို့
မသိကြကုန်၊ လောဘကြီးသော ရွှဲကုန်သည်လည်း ခရီးသို့လျှောက်၍
ရွှဲတန်ဆာဝယ်ကြကုန်ဟု ကြော်ငြာလျက်လာသဖြင့် အိမ်တံခါးဝသို့
ရောက်သောအခါ သူငယ်မက အဘွားကြီးကို ဤသို့ဆို၏။

အဘွားကြီး... ကျွန်ုပ်ဆင်ယင်စရာ ရွှဲတန်ဆာကိုဝယ်ပါလော့
ဟု ဆို၏၊ အဘွားကလည်း ချစ်မြေး... ငါတို့မှာ ရွှဲဝယ်စရာ အဘယ်
မှာရှိအံ့နည်းဟု ဆိုလျှင် ရေအိုးကြားတွင် ခွက်ကြီးတစ်ခုမြင်ပါသေး
၏၊ ထိုခွက်ကို ကျွန်ုပ်တို့ မသုံးနိုင်၊ ဤခွက်ဖြင့်ဝယ်ပါဟုဆို၏၊ အဘွား
လည်း ရွှဲကုန်သည်ကိုခေါ်၍ နေရာ၌နေစေပြီးသော် ထိုခွက်ကိုပြ၍
အမောင်... ဤခွက်ကိုယူပြီးလျှင် သင်၏နှမအား ရွှဲတန်ဆာကို လျော်
စွာပေးခဲ့ပါလော့ဟုဆို၏၊ ရွှဲကုန်သည်လည်း ခွက်ကိုကိုင်၍ အပ်ငယ်
ဖြင့် ခြစ်လေလျှင် ရွှေခွက်၏အဖြစ်ကိုသိ၍ သူတို့အား အနည်းငယ်
ပေး၍ခွက်ကိုယူမည်ဟု ကြံပြီးလျှင် သင်တို့ခွက်ကား–ပဲဝက်မျှ အဖိုး
မထိုက်ဟု မြေ၌လှိမ့်ကာထားခဲ့၏၊ ကျွန်ုပ်ရောင်းချဦးမည် နောက်
လှည့်လာသောအခါမှ လျော်စွာပေးခဲ့မည်ဆိုပြီးမှထ၍ သွားလေ၏။

ဘုရားလောင်းရွှဲကုန်သည်လည်း ထိုခရီးဖြင့်လှည့်လာ၍ ရွှဲတန်
ဆာဝယ်ကြကုန်ဟု ကြော်ငြာလျှင် တစ်ဖန်သူငယ်မက အဘွား...
ယခုလာသော ရွှဲကုန်သည်ကား ပြေပြစ်သောစကားရှိ၏၊ အများနှင့်
သင့်မြတ်၏၊ ကျွန်ုပ်တို့၏ခွက်ကိုနှစ်သက်အံ့သည်မသိ, ခေါ်၍လဲပါ
ဟုဆို၍ အဘွားကြီးကလည်း ရွှဲကုန်သည်ကိုခေါ်ပြီးလျှင် ယခင်ခွက်ကို
ပြ၍ လျော်အောင်ပေးခဲ့ပါမည့်အကြောင်းဖြင့် ခွင့်တောင်း၏၊ ဘုရား
အလောင်း ရွှဲကုန်သည်လည်း ယခင်အပ်ခြစ်ရာကိုမြင်ရသဖြင့် အဖိုး

mgyoe.com

mgyoe.com

များစွာထိုက်သော ရွှေအဖြစ်ကိုသိ၍ အမိ... ဤခွက်သည် အဖိုးတစ်သိန်း ထိုက်၏၊ ရွှေစင်ခွက်ပေတည်း၊ ငါဒွတန်သော ဥစ္စာမပါချေဟု ဆို၏။

မြေးအဘွားတို့ကလည်း အရှင်ရွှဲကုန်သည်... ယခုတွင်လာ သော ရွှဲကုန်သည်က ဤခွက်သည် ပဲဝက်မျှမထိုက်၊ ထားလိုက်ဦး တော့ဆို၍ မြေမှာလိမ့်၍ သွား၏၊ သင်၏ကံကောင်းခြင်းကြောင့် ရွှေခွက်ဖြစ်ပေသည်၊ ငါတို့သည် အမောင့်ကိုပေးအံ့၊ သူငယ်မကိုသာ တော်အောင်ပေးခဲ့ပါတော့ဟု ဆို၏၊ ဘုရားအလောင်း ရွှဲကုန်သည် လည်း မိမိရောင်း၍ရခဲ့သော သပြာငါးရာတို့ကိုလည်းကောင်း ငါးရာ မျှထိုက်သော ရွှဲတို့ကိုလည်းကောင်းပေး၍ အလေးချိန်ခွင်နှင့်ကူးတို့ခ ပေးရန် ရှစ်သပြာတို့ကိုသာယူ၍ အမြန်သွားလေ၏၊ မြစ်နားသို့ ရောက်လျှင် ကူးတို့သမားအား ရှစ်သပြာပေး၍ ကျွန်ုပ်ကို မြန်စွာပို့ပါ ဟုဆို၍ လှေစီး၏၊ ရွှဲသမားမိုက်လည်း တစ်ဖန် မြေးအဘွားအိမ်သို့လာ ၍ သင်တို့၏ခွက်ကိုဆောင်ခဲ့၊ ငါရွှဲအတော်အတန်ပေးခဲ့အံ့ဟုဆိုသော် ထိုသူငယ်မက ရွှဲသမားကိုဆဲ၍ သင်သည် ငါတို့၏ရွှေခွက်ကို ပဲဝက်မျှ မတန်ဟုဆိုပြီးလျှင် ရောင်းချင်ပြန်သလော၊ သင်၏သခင်နှင့်တူသော ရွှဲကုန်သည်တစ်ဦးက ပါသမျှရွှဲနှင့်ငွေကိုပေးခဲ့၍ ရွှေဖလားကို ယူသွား လေပြီဟု ပြော၏။

ထိုစကားကိုကြားသော် ရွှဲကုန်သည်မိုက်သည် ငါ့အား ရှုံးခြင်း ကြီးရှုံးချေပြီဟု ပူပင်လှသော စိတ်ရှိရကား– သတိမထားနိုင်ဘဲ ရခဲ့ သော ဥစ္စာတို့ကို ထိုအိမ်ဝ၌ ကြဲခဲ့၍ ငါလုယူအံ့–ဟုကြံ၍ အမြန်လိုက် လေ၏၊ ရေနားသို့ရောက်သဖြင့် လှေစီး၍သွားသော ရွှဲကုန်သည်ကို မြင်လျှင် ကူးတို့သမား... သင်၏လှေကိုပြန်ပါစေဦး–ဟုဆို၏၊ ဘုရား အလောင်း ရွှဲသမားကလည်း အခြားသူကို မတင်စိမ့်သောငှာ အမောင် ကို ရှစ်သပြာငါပေးသည်၊ ထိုမှာဘက်သို့ မြန်စွာပို့လော့ဆို၍ ပို့စေ၏၊ လောဘကြီးရွှဲသမားလည်း နှလုံးမသာ လွန်စွာပူပန်ခြင်းကြောင့် ခံတွင်းမှသွေးတို့သည် အန်ကုန်၏၊ နှလုံးသားသည် ကွဲလေသောအား

mgyoe.com

ဖြင့် ထိုမြစ်နား၌ပင် အသက်ကုန်လေ၏၊ ဤအခါမှစ၍ ဒေဝဒတ်သည် ဘုရားလောင်း၌ ရန်ငြိုးဖွဲ့ခြင်း၏ အရင်းအစဖြစ်သတည်း၊ လောဘကြီးသော ကုန်သည်မိုက်ကား– ဒေဝဒတ်၊ ရွှေခွက်ရသော ရှဲကုန်သည်ကောင်းကား ဘုရားဖြစ်တော်မူ၏။

[စေကကနိပါတ်။]

[ဤဇာတ်သက်သေတို့ကို ထောက်ထားသဖြင့် ကုန်သွယ်ကူးသန်းသမျှသော လူတို့သည် သူ၏စီးပွား, ကိုယ်၏စီးပွားကို မမှား, မယွင်းရအောင် ဖြောင့်မှန်စွာပြုမှသာလျှင် ထိုက်တန်သော ဥစ္စာကိုလည်း ရလွယ်သည်၊ ရသောဥစ္စာကိုလည်း ရှည်မြင့်စွာ သုံးဆောင်ရသည်ဟု မှတ်ကြကုန်ရာသည်။]

အဒိန္နာဒါန ကံအပြစ်ပြဝတ္ထုပြီး၏။

*

# ၅–မထောက်မထား၊ သူ့မျောက်သားကို၊ ယွင်းပါးသည်အတွက်ကြောင့်၊ အသက်တိုရသည် လူအများဟူရာ၌–ဝတ္ထု

သူတစ်ပါးတို့၏ မယားကို ပြစ်မှားကျူးလွန်မိသော သူအားမျက်မှောက်ပစ္စုပ္ပန်ပင် ရန်သူများခြင်း, ဓားဘေး, လှံဘေးသင့်ခြင်းကို ခံ၍ အမြန်သေရတတ်သည်၊ လူညံ့, လူဖျင်း, ဆင်းရဲသားတို့ကို မဆိုထားဘိ၊ ပြည့်ရှင်မင်းဖျားဖြစ်သော်လည်း မပြစ်မှားထိုက်သော သူ၏မယားကို ပြစ်မှားမူကား–ဓား, လှံဖြင့် အမြန်သေရတတ်သည်၊ သက်သေကား–

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် ဗာရာဏသီမြို့နှင့် မနီးမဝေးရွာကြီးတစ်ခုဝယ် သူကြွယ်အမျိုး၌ဖြစ်၍ သုနေတ္တ

mgyoe.com

mgyoe.com


အမည်ရှိ၏၊ ထိုသုနေတ္တသူကြွယ်သည် အရွယ်သို့ရောက်သောအခါ ဗာရာဏသီပြည်၌နေသော သူကြွယ်တစ်ဦး၏သမီးကို ဆောင်ယူ၍ အိမ်သူပြုထား၏၊ ထိုမိန်းမကား– ရွှေအဆင်းကဲ့သို့ ဝင်းဝင်းစင်ကြယ်လျက် ရှုချင်ဖွယ်သောအဆင်းရှိ၏၊ နတ်သမီးကဲ့သို့ ရှုမငြီးဖွယ် တင့်တယ်သော ဟန်ပန်အမူရာရှိ၏၊ ပွင့်သစ်သော နွယ်ပန်းဖြင့်သီသော ကိန္နရီမကဲ့သို့လှပကြော့ရှင်း၏၊ ကောင်းမြတ်သော အမျိုးတို့၏ အကျင့်သီလနှင့်လည်း ပြည့်စုံ၏၊ အမည်အားဖြင့် သုဇာတာအမည်ရှိ၏၊ မိမိလင်ကိုလည်း ခင်မင်ရိုညွတ်လျက် အိမ်ဦးနတ်ကဲ့သို့ မပြတ်လုပ်ကျွေးလေ့ရှိ၏၊ ယောက္ခမမိဘတို့၏ဝတ်ကို ကြည်ညွတ်စွာ ပြုလေ့ရှိ၏။ လင်ဖြစ်သော သုနေတ္တသူကြွယ်ကလည်း အစအရာမြတ်နိုး၏။ ထိုသူနှစ်ယောက်တို့သည် ဝမ်းမြောက်စုံမက် ကိုယ်အသက်ကဲ့သို့ ပေါင်းဖက်နေထိုင်ကြသတည်း။

တစ်ရံသောအခါ သုဇာတာသူကြွယ်မက လင်သုနေတ္တအား ကျွန်ုပ်၏မိခင်,ဖခင်ကို မဖူးမြင်ရသည်ကာလကြာပါပြီ၊ ဖူးမြင်ခြင်းငှာသွားပါရစေဟု ခွင့်တောင်း၏၊ အလောင်းတော်သုနေတ္တကလည်း နှမ... သင့်မိဘထံသို့ သွားလိုမူကား–ပူဇော်ပေးကမ်းရန်ဖြစ်သော ခဲဖွယ်ဘောဇဉ်တို့ကိုစီရင်လော့၊ လှည်းယဉ်ဖြင့် သွားကြအံ့ဟုဆို၍ ထိုထိုသော ပေးကမ်းဖွယ်တို့ကို လှည်းဖြင့်တင်ပြီးလျှင် လှည်းနှင့်သွားကြလေ၏၊ ဗာရာဏသီမြို့၏အနီးသို့ရောက်သောအခါ ဂင်္ဂါမြစ်၌ ရေချိုးကြ၍ ဝတ်စားတန်ဆာတို့ကို ဆင်ယင်ပြီးလျှင် လင်သုနေတ္တကား–လှည်းနှင်၍ရှေ့ကသွား၏၊ သုဇာတာမူကား–လှည်း၏နောက်မှ လိုက်လာ၍ မြို့ဝင်ခါနီးတွင် ဗာရာဏသီမင်းကြီးသည် ဆင်စီးလျက် မြို့လည်သည်နှင့်တွေ့၍ သုဇာတာကိုမြင်လျှင် အလွန်တပ်မက်သော စိတ်ရှိသည်ဖြစ်၍ ဤမိန်းမကား မြင်၍မငြီး, ကြက်သီးထဖွယ်, တင့်တယ်လှပေ၏တကား၊ လင်ရှိ, မရှိသောအဖြစ်ကို စိစစ်၍ မေးမြန်းချေဟု အမတ်တစ်ယောက်ကို စေလိုက်၏။

mgyoe.com

ထိုအမတ်လည်း မင်း၏အမိန့်အတိုင်းလာ၍ မေးမြန်းသော် သုဇာတာမကလည်း ကျွန်ုပ်ကား လင်ရှိမယားဖြစ်ပါသည်၊ ရှေ့က သွားသော လှည်းယဉ်ထက်နှင်သောသူကား– ကျွန်ုပ်ယောကျ်ားပင် တည်းဟုပြော၏။ အမတ်လည်း ထိုအကြောင်း မင်းကြီးအား လျှောက်ကြားသော် မင်းကြီးသည် ထိုမိန်းမ၌ တပ်ကြိုက်သောရာဂမာန်ကို သည်းခံခြင်းငှာ မတတ်နိုင်ရကား– ဤယောကျ်ားကို ဥပါယ်တံမျဉ်ဖြင့် သတ်၍ ဤမိန်းမကို ငါယူမည်ဟု ကြံပြီးလျှင် မင်းချင်းယောကျ်ားတစ်ယောက်ကိုခေါ်၍ ငါ၏ပတ္တမြားဆံကျင်ကို မြို့သို့ဝင်လေသောလှည်း၌မသိအောင်ဝှက်ထားချေဟု စေလိုက်၏၊ မင်းချင်းယောကျ်ားလည်း မင်းစေသောအတိုင်း မြန်စွာလိုက်သွား၍ ပတ္တမြားဆံကျင်ကို လှည်းရှင်မသိအောင် လှည်း၌တင်ထားခဲ့ပြီးမှ မင်းကြီးအား ထားခဲ့ပါကြောင်းကို လျှောက်လာ၏၊ မင်းကြီးလည်း နန်းတွင်းသို့ဝင်ပြီးလျှင် ငါ၏ပတ္တမြားဆံကျင်ပျောက်သည်ဟု ဆို၏။

ထိုအကြောင်းကို အလုံးစုံသော သူတို့အား သိကြားစေ၍ တစ်ပြိုင်နက် အုတ်အုတ်, ကျက်ကျက်ဖြစ်စေပြီးမှ မင်းကြီးက ဤမြို့တံခါးတို့၌ ထွက်သွားသော သူတို့၌လည်းကောင်း, လှည်းတို့၌ လည်းကောင်း စေ့ငစွာ ရှာကြကုန်ဟု အာဏာပေး၏၊ ထိုအခါ ပတ္တမြားဆံကျင်ထားသော ယောကျ်ားသည် သုနေတ္တသူကြွယ်၏လှည်း၌ မင်းကြီး၏ဆံကျင်ကို ရှာလိုသည်ဆို၍ ရှာလေသော် မိမိထားခဲ့သော ဆံကျင်ကိုယူ၍ ဤသူပဲ ပတ္တမြားဆံကျင်ကိုခိုးသည်ဆို၍ သူကြွယ်ကို ဖမ်းပြီးလျှင် ရိုက်ပုတ်, ထောင်းထု၍ လက်ပြန်ကြိုးဖွဲ့၍ ယူဆောင်ပြီးမှ မင်းကြီးအားပြလေ၏၊ မင်းကြီးကလည်း ဤသူအား ရှည်စွာမထားလင့်၊ စဉ်းတီတုံး၌တင်၍ ဦးခေါင်းကိုဖြတ်လေဟု စေ၏၊ မင်းချင်းယောကျ်ားတို့လည်း သုနေတ္တကို ဆွဲငင်ပြီးလျှင် ခရီးလမ်းဆုံတိုင်းကြိမ်ဖြင့် ရိုက်ခတ်၍ သုသာန်သို့ဆောင်၏၊ မယား သုဇာတာသည်လည်း လှည်းကိုထားခဲ့၍ လက်ကိုမြှောက်ကာ လွန်စွာငိုကြွေးလျက်

mgyoe.com

mgyoe.com

ချစ်လင်... သင့်အား ယခုရောက်သောဒုက္ခသည် အကျွန်ုပ်ကိုမှီ၍ ဖြစ်ရချေသည်ဟုဆို၍ငိုလျက် နောက်မှ လိုက်၏၊ မင်းချင်းယောကျ်ားလည်း သုနေတ္တဦးခေါင်းကို ဖြတ်ခြင်းငှာ ပျဉ်ပြားထက်၌ ပက်လက်အိပ်စေ၏။

ထိုအခါ သုဇာတာမလည်း မိမိ၏သီလဂုဏ်ကို ဆင်ခြင်လျက် ဤလောက၌ သီလရှိသောသူတို့ကို အနိုင်,အထက်နှိပ်စက်ကုန်သောသူတို့အား ထင်ရှားစီရင်တတ်သော နတ်မင်းတို့သည် ကျွန်ုပ်၏ဖြစ်ခြင်းကို ကြည့်ရှုတော်မူပါလော့၊ နှိပ်စက်တတ်သောသူအား မြစ်တားတော်မူပါလော့ဟု တိုင်တည်ကာ သစ္စာပြု၏၊ ထိုသစ္စာ၏ အာနုဘော်အားဖြင့် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာတင်း၍ ကြည့်ရှုလိုက်သော် ဗာရာဏသီမင်းသည် အလွန်ရုန့်ရင်းကြမ်းကြုတ်သော အမှုကို ပြု၏၊ သီလရှိသော သုဇာတာမအား စိတ်ဒုက္ခဖြင့် ပင်ပန်းစေ၏၊ ငါသွားမှသင့်မည်ဟုကြံပြီးလျှင် လျင်စွာလာလတ်၍ နတ်၏တန်ခိုးအာနုဘော်ဖြင့် လူသတ်ရာသုသာန်သို့ ဆင်စီးကာရှုလာသော ဗာရာဏသီမင်းကို ဆင်ထက်မှချ၍ စဉ်းတီတုံးထက်၌ ပက်လက်အိပ်စေပြီးလျှင် ဘုရားလောင်း သုနေတ္တကို ဆင်ဦးကင်းထက်သို့ တင်လိုက်၏။

သူသတ်တို့သည် ဦးခေါင်းကို ပုဆိန်ဖြင့်ဖြတ်လေသော် ဗာရာဏသီမင်းယုတ်၏ ဦးခေါင်းသည်ပြတ်၍ ဆတ်ဆတ်တုန်လေသဖြင့် သူသတ်အပေါင်းတို့သည်  မင်း၏ဦးခေါင်းမှန်းသိကြလေသတည်း။

သိကြားမင်းလည်း ကိုယ်တိုင်ထင်ရှားပြလျက် စည်းဝေးသမျှသော လူအပေါင်းတို့အား အချင်းတို့... အပြစ်မရှိသော သူတော်ကောင်း ကိုအပြစ်ရှာ၍ ရက်ရောကြမ်းကြုတ်စွာပြုသော မကောင်းမှုကံသည် မိမိထံသို့ မြန်စွာရောက်တတ်ချေသည်၊ ဤဗာရာဏသီမင်းယုတ်ကိုသာ ဆရာမှတ်ကြလော့၊ တစ်ယောက်၏စည်းစိမ်ချမ်းသာကို တစ်ယောက်မဖျက်ကြလင့်၊ လောက၌ သိမြင်တတ်သော နတ်အများသည် ထင်ရှားရှိကုန်သည်သာတည်းဟု ဆုံးမ၍ သုနေတ္တသူကြွယ်အား

mgyoe.com

mgyoe.com

မင်းမြောက်တန်ဆာငါးပါးကိုဆင်စေလျက် သုဇာတာကိုလည်း အဂ္ဂမဟေသီအရာ၌ထားပြီးလျှင် သိကြားမင်းသည် အဘိသိက်သွန်းဘိ၍ မင်းမြောက်စေ၏။

ထိုအခါမှစ၍ သိကြားမင်းပေးသောအမည်ဖြင့် "ဓမ္မိကရာဇာ" ဟု ထင်စွာဖြစ်လေသတည်း၊ သိကြားမင်းလည်း ဤသို့မှာဆို၏၊ အကြင်အခါ၌ ပြည်ရွာသေဋ္ဌနင်း မင်းတို့သည် တရားမစောင့်ကုန်၊ ပြည်သူတို့အား အခွန်ဖြင့် နှိပ်စက်ခြင်း, တရားမမှန်စီရင်ဟန်ဖြင့် နှိပ်စက်ခြင်းကိုပြုကုန်အံ့၊ ထိုအခါ မိုးတို့သည် အခါမဟုတ်သည်၌ ရွာကုန်၏၊ သတ္တဝါတို့အား ငတ်မွတ်ခြင်း, အနာရောဂါများစွာနှိပ်စက်ခြင်း, လက်နက်, ဓား, လှံဖြင့် ခုတ်သတ်ခြင်းတည်းဟူသော ဘေးသုံးပါးတို့သည် ဖြစ်တတ်ကုန်၏၊ ထို့ကြောင့် ပြည်သူပြည်သားတို့အား တရားသဖြင့် မင်းပြုလေဟု ဩဝါဒပေး၍ နတ်ပြည်သို့ပြန်လေ၏။

သူ့မယားကို ယူလိုသော အဓမ္မမင်းသည် ယခုအခါ ဒေဝဒတ်ဖြစ်လေ၏၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ သုဇာတာဒေဝီသည် ယသောဓရာ၊ ဓမ္မိကမင်းသည် ဘုရားဖြစ်တော်မူ၏။

[ဒုကနိပါတ်။]

မဟာရာဇဝင်၌လာသော အကြောင်းကား–

သက္ကရာဇ် ၅၂၃–ခုတွင် ကုလားကျမင်း၏သား မင်းယဉ်နရသိင်္ခမင်းပြု၏၊ နန်းတက်လျှင် ညီတော် နရပတိစည်သူဟူသော အမည်နှင့် အိမ်ရှေ့အရာပေးတော်မူ၏၊ ထိုမင်းလက်ထက် မိုးများကောင်း၏၊ ပြည်ရွာအလုံးဝပြောသာယာ၏၊ ပြည်သူအပေါင်းတို့သည် ချမ်းသာစွာ အသက်မွေးရသည်ဖြစ်၍ ကောင်းသောဆုကိုယူကုန်၏၊ ထိုမင်း၏မိဖုရားကား– အလောင်းစည်သူ သမီးတော်ကျောင်းတော်သည်တွင် မြင်သော မင်းအောင်မြတ်တစ်ပါး, မင်းလတ်တစ်ပါး၊ ဤနှစ်ပါးကိုယူ၍ မိဖုရား မြှောက်သည်၊ အိမ်တော်သည်၏ သမီးနှစ်

mgyoe.com

mgyoe.com

ယောက်ကိုလည်း မိဖုရား မြှောက်သည်၊ ဤမိဖုရားလေးယောက်ကို အညီအမျှ ချစ်တော်မူသည်၊ မင်းကြီးထွက်တော်မူလေရာပင် ဆင်စီး၍လည်းကောင်း, ဝေါစီး၍လည်းကောင်း အပြိုင်လိုက်ရသည်။

တစ်ရံသောအခါ မြင်စိုင်းဝက်ဝင်အရပ်၌ ပြေ့လူမျိုးတို့ ဝါးခုတ်ရာကြီးစွာသော ဝါး၏အတွင်း၌ အဆင်းအင်္ဂါနှင့်ပြည့်စုံသော သံသေဒဇဖြစ်သော သမီးငယ်ကိုရ၍ မွေးထားသဖြင့် အရွယ်သို့ ရောက်လျှင် ဦးသစ်သောရွှေစင်ကဲ့သို့ ခင်မင်ဖွယ်အဆင်းရှိသည်ဖြစ်၍ မင်းယဉ်နရသိင်္ဃအား ဆက်လာ၏၊ မင်းကြီးလည်း သတို့သမီးကိုမြင်သော် ဘုန်းကံမဆုံရကား– "နားပက်ကျယ်နှင့် ဝမ်းပျက်သုသု" ဟု မိန့်တော်မူ၍ ညီတော်နရပတိစည်သူကို ပေးတော်မူ၏၊ မင်း၏ မယ်တော်လည်း သားတော် နရပတိစည်သူနှင့်အတူနေသည်ဖြစ်၍ သံသေဒဇမိန်းမကိုမြင်သော် ပညာဖြင့်ထောက်ရှု၍ နားကို တန်ရုံဖြတ်ပြီးလျှင် ဆက်လေ၏၊ နားတန်လေသော် အလွန်သော အဆင်းကို ဆောင်သည်ဖြစ်၍ ယောကျာ်းတကာမြင်လျှင် မတည်တံ့အောင် တိမ်းညွတ်၏။

အိမ်ရှေ့မင်း၏ မယ်တော်ကြီးလည်း မင်းသမီးတကာတို့တတ်ရာသော အတတ်တို့ကိုသွန်သင်၍ ခပ်သိမ်းသော မိန်းမမြတ်တို့၏ ဂုဏ်နှင့် ပြည့်စုံ၏၊ သံသေဒဇပဋိသန္ဓေနေသသူဖြစ်သောကြောင့် အရောင်အဆင်းတို့သည် မိန်းမဟူသမျှ မတူနိုင်သည်သာဖြစ်၍ ဝါးထဲမှရသောကြောင့် ဝေဠုဝတီဟူ၍ သမုတ်၏၊ ထိုသို့ ခယ်မတော်၏ အဆင်းကို သီတင်းနေ့မယ်တော်အိမ်သို့ မင်းယဉ်နရသိင်္ဃလာခိုက် မြင်လေသော် မရပ်မတည်နိုင်ရှိတော်မူ၍ ဤသို့ကြံ၏၊ ငဆောင်ချမ်း၌ စစ်ထွက်သည်ဟူ၍ ငါ့ညီတော်ကို ချီစိမ့်မည်၊ ချီသော နောက်မှ ခယ်မတော်ကို နန်းတင်မည်ဟုကြံ၍ အမတ်တစ်ယောက်ကို နှုတ်ထည့်ပြီးသော် ငဆောင်ချမ်း၌ စစ်ထွက်မည်ဟု လျှောက်လာရ၏။ မင်းကြီးလည်း ညီတော်နရပတိစည်သူကိုခေါ်၍ ငဆောင်ချမ်းသို့

mgyoe.com

mgyoe.com

အမြန်ချီလေဟု စေတော်မူ၏။

ညီတော် နရပတိစည်သူလည်း ဉာဏ်ရှိသောမင်းဖြစ်၍ မြင်းခံငပြည့်ကို မြင်းသူတော်စင်နှင့်တကွ ငါ့အိမ်တော်တွင် အခင်းထွက်လျှင် မြန်စွာလိုက်လာဟု မှာပြီးမှ မှူး, မတ်, ဗိုလ်ပါနှင့်တကွ ရေအား, ကြည်းအားဆန်တော်မူ၏၊ သစ်ဆိပ်သို့ရောက်လေသော် ငဆောင်ချမ်းအကြောင်းကို မည်သို့မကြားသောကြောင့် ငါ့နောင်တော် ငါ့ကိုရိုးမယ်ပြုချေသည်ဟု နှလုံးထား၍ မှူး, မတ်တို့နှင့် ရုံးစုတိုင်ပင်ပြီးသော် သစ္စာပေးလေ၏၊ မှူး, မတ်တို့ကလည်း မင်းယဉ်နရသိင်္ခဝယ် သားယောကျ်ားမရှိသောကြောင့် ညီတော်ကို နန်းလျာထားသည်ဖြစ်ရကား နရပတိစည်သူမင်းနှင့်ချည်း နှလုံးညီကြကုန်၏၊ မင်းကြီးလည်း ညီတော်သစ်ဆိပ်သို့ရောက်ပြီဟုကြားလျှင် ခယ်မတော်ကို နန်းတင်တော်မူ၏။

မြင်းခံငပြည့်လည်း နံနက်ခေါင်းလောင်းထိုးက အောင်သာကို ကူး၍ မြင်းကိုစီးလျက် ညှင်းညှင်းနှင်လေသည်၊ ချင်းတွင်းပရိမ္မသို့ရောက်သော် မွန်းတည့်၏၊ ပရိမ္မကိုကူး၍ ဟလင်းကို အဖြောင့်သန်းပြီးမှ ငပတ်ချောင်းသို့ရောက်လျှင် နေဝင်၏၊ မိုးချုပ်ပြီဖြစ်သောကြောင့် မြင်းတော်ပန်းသည်ကို ရေချပြီးသော် မြင်းကို မြက်စားစေ၍ မြင်းလှည့်တောင်တွင် အပန်းဖြေ၍ တစ်ညဥ့်အိပ်လေ၏၊ မြင်းတော်စင်လည်း အပန်းပြေလေသော် မြင်းတော်အနံ့ရ၍ ပြင်းစွာဟီလေ၏၊ အိမ်ရှေ့မင်းလည်း မြင်းဟီသံကိုကြားသော် ငါ့မြင်းဟီသံတကား–ဟု စက်တော်မခေါ်ဘဲနေ၏၊ မင်းလည်း ငါ့မြင်းဟီသံမှန်သော် ဤအုံးသည် မလွဲပေါက်စေသော–ဟု ဓိဋ္ဌာန်၍ အုံးကိုလက်ဖြင့် ခတ်သော် အုံးတော်ပေါက်လေ၏၊ ထိုအရပ်ကို အုံးတော်ပေါက်ဟု ယခုတိုင်အောင်တွင်၏၊ ငပြည့်အိပ်သောတောင်လည်း မြင်းလှည့်တောင်ဟု တွင်၏။

မြင်းခံငပြည့်လည်း မိုးသောက်သော် သွားလေသဖြင့် နံနက်ခေါင်းလောင်းထိုးကိုရောက်၍ အကြောင်းမျိုးကို လျှောက်သော်

mgyoe.com

အိမ်ရှေ့မင်းလည်း စေ့စုံစွာသိ၍ မြတ်နိုးတော်မူလှသော ဝေဠုဝတီ မိဖုရားကို နှောင်တော်ယူသည်ဟုကြားသဖြင့် ကြီးစွာသော အာဃာတ စိတ်ရှိရကား– မြင်းခံပြေည့်အား နင်–ယမန်နေ့ညဘယ်တွင် အိပ်သနည်း ဟုမေး၏၊ ငပြေည့်လည်း ငပတ်ချောင်းတိုင်မြင်းတော်ပန်းလှသော ကြောင့် အိပ်ပေသည်ဟု လျှောက်၏၊ အိမ်ရှေ့မင်းကလည်း နင်သည် ငါနေသော အရပ်နှင့် မဝေး,မနီးတွင်ပင် အိပ်ရာသလော၊ ငါတို့မင်းမည် သည်ကား– တစ်နာရီတွင်ပင်ကြံသော် အများဖြစ်ရာသည်၊ နင်ကား– မင်းရေးကို မကြောက်၊ မြင်းရေးကို ထောက်သူဖြစ်သည်ဟူ၍ မင်းမာန် တက်၍ ကွပ်မျက်တော်မူလေ၏၊ ထိုအရပ်သည် ကွပ်တော်ရာဟု တွင်၏။

နရပတိစည်သူမင်းလည်း ငါတို့ရန်သူကား နောက်မှာရှိလေပြီ ဆို၍ အောင်စွာငယ်ဟူသော အမတ်ကိုခေါ်ပြီးလျှင် နင်–ငါ့အမှုတော် ကို သက်စွန့်၍ထမ်း၊ ငါ့နှောင်တော်ကိုမေ့လျော့စဉ် လုပ်ကြံလေ၊ အပြီး သို့ရောက်လျှင် ငါ့မရီးတော်လေးပါးတွင် နင်စိတ်ရှိသည်သူနှင့် ထိမ်း မြား၍ သူကောင်းပြုမည်ဟု မိန့်တော်မူ၏၊ အောင်စွာငယ်လည်း သူရဲ ရှစ်ကျိပ်ရွေး၍ လှေယာဉ်နှင့် နေ့,ညဥ့်မသိစုန်ခဲ့၏၊ နရပတိစည်သူ မင်းလည်း ရေအား, ကြည်းအားစုန်ခဲ့၍ ကြက်ယက်သို့ရောက်လျှင် ဘုရားရှင်ထံသို့တက်၍ ငါနှောင်တော်ကို လုပ်ကြံအပြီးရောက်မည်မှန် သော် ဖျင်တော်လွှမ်းသောခဏာ၌ ဘုရားရှင်ကိုယ်တော်လျှ၍ ခံစေ သော့ဟု မိဋ္ဌာန်၍ လွှမ်းတော်မူသော် ဘုရားကိုယ်တော်လျှ၍ ခံတော် မူ၏၊ ထိုအကြောင်းကို မြင်လျှင် ရွှင်လန်းစွာစုန်တော်မူ၏။

မျက်တော်မူသော ငပြေည့်၏အကောင်သည် ဖောင်တော်နှင့် မနီး,မဝေး၌မျော၏၊ လှေရဲတို့တွန်းဖယ်သော်လည်း လိုက်မြဲလိုက်၏၊ မင်းကြီးမြင်လျှင် အဘယ်အကောင်နည်းဟုမေး၏၊ အမတ်တို့က လည်း မျက်တော်မူသော ကျွန်တော်ငပြေည့်အကောင်ဖြစ်သည်၊ အမှု တော်ကိုထမ်းပါလျက် ဆုတော်ကိုမခံရသောကြောင့် အနီးဖြင့်လိုက်

mgyoe.com

ပါသည်ဟု လျှောက်၏၊ မင်းလည်း ချင့်အကောင်ကို ဤကျွန်းဦးတွင် သင်္ဂြိုဟ်၍ သည်အရပ်သားတို့ ပူဇော်ရာဖြစ်စေ၊ နတ်ကွန်းကောင်းစွာ ဆောက်၍ထားပေဟု မိန့်တော်မူ၏၊ အမတ်တို့လည်း အမိန့်တော် အတိုင်း ထားပေ၏၊ ငပြည့်ကိုသင်္ဂြိုဟ်သောကျွန်းသည် ရွှေပြည့်ကျွန်း ဟုတွင်လေသည်။

နရပတိစည်သူမင်းစေလိုက်သော ကျွန်တော် အောင်စွာငယ် ရောက်သော် သူရဲရှစ်ကျိပ်နှင့်တကွ အိမ်စားပိုက်ကာ နန်းတော်သို့ ဝင်၏၊ မင်းယဉ်နရသိင်္ခလည်း အိမ်သာဝင်ခိုက်ဖြစ်၍ အိမ်သာတိုင် အောင် လိုက်၍ဝန်းရံလေ၏၊ မင်းကြီးက ဘယ်သူနည်းဟုမေးလျှင် ကျွန်တော်အောင်စွာငယ်သည် အရှင့်ညီတော်ကစေ၍ လာရပါသည် ဟု လျှောက်၏၊ စားသွားဖွေးဖွေး ဝန်းရံသည်ကိုမြင်လျှင် ငါကား– မှားချေပြီ၊ ငါ့ညီထံဝယ် ကျီးစောင့်ကြက်နှင်မျှဖြစ်ပါစေ၊ ငါ့ကို မသတ် ပါနှင့်ဟု တောင်းပန်၏၊ အောင်စွာငယ်လည်း အရှင့်ညီတော်ဘုရား က သို့မှာတော်မမူပါဟုလျှောက်ပြီးလျှင် ရေအိမ်ထက်တွင် လုပ်ကြံ၍ အနိစ္စရောက်လေ၏၊ ဝတ်တော်မူသော ပတ္တမြားနားတောင်းလည်း ရေအိမ်က မြေသို့ကျလေ၏။

အိမ်နိမ့် ၃၂–နှစ်၊ နန်းစံ ၃–နှစ်၊ သက်တော် ၃၅–နှစ်တွင် အနိစ္စရောက်လေ၏၊ သက္ကရာဇ် ၅၂၆–ခုသော် ထိုမင်းညီတော် နရ ပတိစည်သူ မင်းဖြစ်တော်မူ၏။

ဤသာဓကဌ် သူ၏မယားကိုပြစ်မှားသောကံသည် လူသာမန် ကို မဆိုထားဘိ၊ ဘုန်းတန်ခိုးကြီးလှစွာသော ပြည့်ရှင်မင်းတို့လျက် လည်း အသက်တိုခြင်း၊ သေခြင်းဆိုး သေရခြင်း၊ သူခပ်သိမ်းတို့ ကဲ့ရဲ့ ကြခြင်းတည်းဟူသော အကျိုးသုံးတန်ကို အမြန်ခံရလေသော သာဓက တည်း။

*

mgyoe.com

mgyoe.com

## ၆-မပြစ်မှားအပ်၊ မိခင်မြတ်ကို၊ ရောစပ်သည့်အတွက်ကြောင့်၊ မျက်မှောက်ပင် မျောက်ဖြစ်ဟူရာ၌-ဝတ္ထု

သရေခေတ္တရာပြည်တွင် အတိတျာမည်သော မင်းတည်း၊ အကြောင်းကိုဆိုဦးအံ့၊ ဒေါဒေါရသ သက္ကရာဇ်ကိုဖြို၍ ၂-ခုကြွင်းတွင် သုမုန္ဒြီမင်း၏သားတော်အတိတျာမင်းဖြစ်၏၊ ထိုမင်းကား- အမူအကျင့်မကောင်း၊ ကာမဂုဏ်ကြူး၏၊ သူ၏သမီးပျိုတို့ကိုလည်း သိမ်းယူတတ်၏၊ မိခင်ကိုပင် ပြစ်မှားလိုရကား-မှူးမတ်တို့အား အမတ်တို့ထွက်သော တံခါးဖြင့် ဝင်ကောင်းအံ့လောဟုမေး၏၊ အမတ်တို့ကလည်း အလိုကိုမသိ၊ ပကတိတံခါးကိုသာ မေးသည်ထင်သောကြောင့် အရှင်မင်းမြတ်... ဘုန်းရှိသောမင်းတို့မှာ မင်္ဂလာရှိသော တံခါးဖြင့်ထွက်၍ ထိုတံခါးကိုပင် ဝင်ရိုးဖြစ်ပါသည်ဟု လျှောက်၏၊ တစ်နေ့သ၌ ညဥ့်အခါမယ်တော်အိမ်သို့သွားလေသော် မယ်တော်လည်း သရဏဂုံနှင့်တကွ ပဉ္စသီကိုဆောက်တည်လင့်၏၊ သားသည် ပြစ်မှားလိုသောအဖြစ်ကိုသိ၍ ဤသို့သစ္စာဓိဋ္ဌာန်ပြု၏၊ ငါ့သီလသည် မပျက်မယွင်းထိုက်သည်ဖြစ်မူကား-ငါ့သားလာသောအခါ ငါ၏ ကျက်သရေတိုက်သည် ပေါင်းချုပ်၍စပ်သကဲ့သို့ မပွင့်နိုင်သည်ဖြစ်စေသောဟု ဓိဋ္ဌာန်၏။

သားတော်လည်း အခြားမိဖုရားကိုကဲ့သို့ များစွာလုံ့လပြုသော်လည်း ကျက်သရေတိုက်မပွင့်ရှိလေ၏၊ သားတော်မင်းကြီးလည်း ရှက်၍ ပြန်ခဲ့၏၊ နန်းတွင်းမှသက်ခဲ့လျှင်ပင် ကိုယ်အလုံး ယားယံ၍ နန်းတွင်းဝယ်ရှိသော လေးထောင့်ကန်၌ ရေချိုးမည်ဟု သက်လေသော် ရေနားတွင်ပင် မျောက်မွေးသည် ကိုယ်လုံး၌ရောက်၍ မျက်မှောက်ပင် မျောက်ဖြစ်လေ၏၊ မင်းချင်းမှူးမတ်တို့သည်လည်းကောင်း, ပြည်သူပြည်သားတို့သည်လည်းကောင်း အုတ်ခဲလုံ့ကန်တို့ဖြင့်ပစ်၍ သေလေ၏၊ မယ်တော် မိဖုရားလည်း သားမျောက်ဖြစ်၍ ထိုမှ ဤမှပြေးခဲ့လျှင်

mgyoe.com

mgyoe.com

နန်းမှဆင်း၍ အလောင်းသား လာလော့ လာလော့ဟုခေါ်၏၊ ထိုအရပ်ကို လောင်းသားချောင်းဟူ၍ ယခုထက်တိုင် တွင်လေသတည်း၊ ထိုမင်းကား– အိမ်နိမ့်– ၁၉၊ စည်းစိမ်– ၃– နှစ်– သက်တော် ၂၂–နှစ်သော် အနိစ္စရောက်၏။

[မဟာရာဇဝင်]

မိစ္ဆာစာရကံ အပြစ်ပြဝတ္ထုပြီး၏။

*

## ၇–လိမ်လစ်လှည့်စား၊ ပျက်မှသားကြောင့်၊ သေခါနီးဒုက္ခ ကို၊ ခံရသည့်သက်သေဟူရာဌ–ဝတ္ထု

ကြားပါလျက်ကိုမကြား၊ သိပါလျက်ကိုမသိ၊ သီလမရှိဘဲလျက် သီလရှိ၏စသည်ဖြင့် မဟုတ်မမှန်ဆိုလေ့ရှိသောသူသည်–

၁။ မျက်မှောက်လျှင်မြန် ဘေးဒဏ် ရောဂါကြီးစွာရောက်ခြင်း၊

၂။ သူတစ်ပါးတို့ ရှုတ်ချကဲ့ရဲ့မထီမဲ့ပြုသည်ကိုခံရခြင်း၊

၃။ ရပြီးသော အတတ်ပညာတို့ကွယ်ပျောက်ခြင်း၊

၄။ အာနုဘော်ထက်မြက်သော ဂါထာမန္တန်သော်လည်း အာနုဘော်မရှိခြင်း၊

၅။ စောင်မ တတ်သော နတ်တို့သော်လည်း မစောင်မခြင်း၊

ဟူသော အကျိုးတို့သည် ဖြစ်တတ်ကုန်၏၊ ထိုမုသားဆိုလေ့ရှိသောသူကား–

၆။ သိကြားမာတလိ, မဏိမေခလာ, ဗြဟ္မာ နတ်မြတ်တို့ကို ကြုံတွေ့၍ လိုအပ်သောဆုကို တောင်းသော်လည်း မရနိုင်,

၇။ မိန်းမတို့အား သားဇယာကျားမျှမဖွားရဘဲ သမီးမိန်းမသာ ဖွားခြင်း,

၈။ သက်သက်သား,သမီးမရခြင်း–

mgyoe.com

mgyoe.com

ဟူသောအကျိုးတို့သည်ဖြစ်တတ်ကုန်၏။

ထို့ကြောင့်ပါရမီခန်း၌–

"ကြားလျက် သိလျက်၊ မမှန်ငှက်၍ ကွယ်ပျောက်သသူ၊ ဤလူတလွှား၊ အလျားမားကား–သိကြားမာတလိ၊ မဏိမေခလာ၊ ရတနာတည့်၊ ဗြဟ္မာဖြစ်စေ၊ ကြိုက်ပါလေ၍၊ ရိုသေဆုတောင်း၊ အားတိုင်းတောင်းလည်း၊ မွေးလောင်းရာထား၊ သားယောကျ်ားမျှ၊ မဖွားစပါ၊ မိန်းမသာတည့်၊ အခါ ရှည်လျား၊ ဖွားအောင်များလည်း၊ ဖြစ်လာကြပုံ၊ လာခဲ့တုံက၊ သားမှဆုတ်၍၊ အယုတ်ကျေးကျွန်၊ အိမ်ထောင်ဝန်လည်း၊ မမှန်ချို့တဲ့၊ ဆိုဖွယ်မဲ့ဟု၊ ကဲ့ရဲ့ပြစ်တင်၊ ဤသို့မြင်၏"–

ဟူ၍စပ်ဆိုတော်မူသည်။

မုသားဆိုခြင်းကြောင့် ဘေးဒဏ်ရောဂါကြီးစွာ ရောက်ဖူးသော သက်သေကား–

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ပြည်သူတို့ နက္ခတ်သဘင်ပျော်ရွှင်ခြင်းငှာ များစွာသောပွဲလမ်းကို ပြုကြကုန်၏၊ ဗာရာဏသီမင်းသည်လည်း သင်းပင်းခြွေရံနှင့်တကွ ကြီးစွာသောသဘင်ကို ပြုလုပ်၏၊ ထိုမင်း၏ပွဲသဘင်၌ အချို့သောနဂါး, ဂဠုန်တို့သည်လည်းကောင်း၊ ဘုမ္မစိုး, ရက္ခစိုးနတ်တို့သည်လည်းကောင်း လူယောင်ဖန်ဆင်းကာလာ၍ သဘင်ရှုကြည့်ကြကုန်၏၊ တစ်နေ့သောအခါ တာဝတိံသာ နတ်လုလင်လေးယောက်တို့သည် ကက္ကရုမည်သော နတ် ပန်းကိုပန်ဆင်လျက် သဘင်ရှုလာကြ၏၊ ထိုပန်း၏အနံ့ကား– တစ် ဆယ့်နှစ်ယူဇနာတိုင်အောင် သင်းကြိုင်မွှေးပျံ့၏၊ လူတို့သည် ထိုပန်း ကိုမြင်လျှင် အလွန်လိုချင်ကြရကား အမောင်တို့... ထိုပန်းကို ကျွန်ုပ် တို့၏မြို့ရွာ၌ တစ်ခါတစ်ရံမျှ မမြင်ရဖူးပါ၊ ထို့ကြောင့် ကျွန်ုပ်တို့အား ပေးခဲ့ပါဟု တောင်း၏။

လုလင်တို့ကလည်း ဤပန်းသည် သီလမရှိသောသူတို့အား ပန်

mgyoe.com

mgyoe.com

ဆင်ခြင်းငှာ မလျောက်ပတ်ချေ။

၁။ သူ၏အသက်ကိုသတ်ခြင်း၊

၂။ သူ၏ဥစ္စာကိုခိုးယူခြင်း၊

၃။ သူ၏မယားကို ယဉ်ပါးကျူးလွန်ခြင်း

၄။ မုသားဆိုခြင်း

၅။ သုရာသောက်ခြင်း–

ဟူသော ဒုသီလငါးပါးကို ရှောင်ရှားသူမှသာလျှင် ပန်ဆင်ခြင်းငှာထိုက်ပါသည်ဟုဆို၏၊ ထိုစကားကိုကြားလျှင် ပုရောဟိတ်ပုဏ္ဏားသည် မိမိ၌သီလမရှိဘဲလျက် သီလရှိယောင်ဖြင့်လှည့်စား၍ ငါတောင်းရမူကား–ပန်းကိုလည်းဆင်ရလတ္တံ့၊ လူအများလည်း ငါ့အားချီးမွမ်းလတ္တံ့ဟုကြံပြီးလျှင် အမောင်လုလင်တို့... ငါကား–ငါးပါးသောသီလကို နေ့ညဉ့်စောင့်ရှောက်ပါ၏၊ ငါ့ကိုပေးခဲ့ပါဟု တောင်း၏၊ နတ်လုလင်တို့က သီလမရှိကြောင်းကိုသိသော်လည်း ပန်း၏သတ္တိကို သိမြင်စိမ့်သောငှာ ဆရာပုဏ္ဏား... သီလရှိပေမူကား ဆင်တော့ဟုဆို၍ ပေးခဲ့ပြီးမှ နတ်ပြည်သို့ပြန်ကြ၏။

ပုရောဟိတ်ပုဏ္ဏားလည်း ကက္ကရုပန်းကိုယူ၍ မိမိဦးခေါင်းထက်၌ ဆင်ယင်လေလျှင် အဆိပ်ဆေးတက်သကဲ့သို့ နာကျင်ကိုက်ခဲလှသော ဒုက္ခဝေဒနာသည်ဖြစ်၍ လူပရိသတ်၏အလယ်၌ မနေဝံ့ဘဲ မိမိအိမ်ထဲသို့ဝင်၍ လူးလဲဟာစ်အော်ကာနေရ၏၊ ငါသည် မဟုတ်မလျား မုသားဆိုမိသောအတွက်ကြောင့် ကုပ်ဆက်ဦးရင်းပြတ်အံ့သကဲ့သို့ နာကျင်လှချေသည်။ ဤပန်းကိုငါ့ခေါင်းမှချပါဟု ဟာစ်အော်၏။ ပန်းကိုချပါသော်လည်း သက်သာရာမရ၊ လူးလဲလျက်သာ ခုနစ်ရက်ပတ်လုံးနေရ၏၊ မင်းကြီးသည် ထိုအကြောင်းကိုသိ၍ ဒုသီလပုဏ္ဏား လူးလှည့်စားသည် မသေပါစေလင့်ဟု နှလုံးပြု၍ တစ်ဖန်သဘင်ကြီးစွာခံပြန်၏၊ ထိုအခါ ယခင်နတ်လုလင်တို့သည် လာ၍

mgyoe.com

mgyoe.com

ကြည့်ပြန်၏၊ မင်းကြီးလည်း ပုဏ္ဏားကိုခေါ်၍ နတ်လုလင်လေးယောက်တို့အား ကန်တော့ဝန်ချစေ၍ ယင်းသို့သော မုသားယုတ်ကို ကျွန်ုပ်မဆိုဝံ့ပါပြီ၊ ဤပန်းကိုလည်းယူပါ၊ ဦးရင်းနာလည်း ချမ်းသာပါစေ–ဟု တောင်းပန်မှ ချမ်းသာရလေသတည်း။

[ဤကား–မုသားဆိုခြင်းကြောင့်ဖြစ်သော အပြစ်တည်း၊ စတုက္ကနိပါတ်၌ လာ၏။]

လွန်လေပြီးသောအခါ သမုဒ္ဒရာကမ်းနား၌ ကရမ္ဗိယမည်သော ရွာသည်ရှိ၏၊ ထိုရွာကို အမှီပြု၍ ရသေ့တစ်ဦးသည်နေ၏၊ ထိုရသေ့ကိုလည်း ကရမ္ဗိယရသေ့–ဟု သမုတ်ကြ၏၊ ထိုရသေ့ကား–ဒုစရိုက်ဆယ်ပါးကို ရှောင်ကြဉ်သည်ဖြစ်၍ သူတော်ကောင်းဟုမှတ်လျက် တစ်ဦးသော နဂါးမင်းသည်လည်းကောင်း, ဂဠုန်မင်းသည်လည်းကောင်း ဆည်းကပ်လာ၏၊ တစ်ရံရောအခါ ဂဠုန်သည် ဤသို့ဆို၏၊ အရှင်ရသေ့... ငါတို့ဂဠုန်အမျိုးသည် နဂါးကိုဖမ်းစားနေကျဖြစ်လျက် ယခုအခါ ဖမ်းစားပါသော် ဂဠုန်တို့သည် ရေနစ်ပျက်စီးကြကုန်သည်၊ ဤသို့ပြုလတ်သော နဂါးတို့၏မာယာကို နဂါးသည် အရှင်ရသေ့အထံသို့လာသောအခါ သိအောင်မေး၍ ကျွန်ုပ်အား ပြောပါဟု လျှောက်၏၊ ရသေ့ကလည်း ကောင်းပြီဟုဝန်ခံ၍ နဂါးလာသောအခါ ထိုအကြောင်းကိုမေး၏၊ နဂါးကလည်း အရှင်ဘုရားသိ၍ အဘယ်အကျိုးရှိမည်နည်းဆို၍ မပြောဘဲပြန်လေ၏။

နှစ်ရက်လည်းကောင်း, သုံးရက်လည်းကောင်း လာတိုင်းလာတိုင်းမေးသောအခါ နဂါးက အရှင်ဘုရားသည် သူတစ်ပါးအား မပြောဘဲ နေနိုင်အံ့လော့ဟု မေး၏၊ ရသေ့ကလည်း ငါသိလို၍သာမေးသည်၊ ဘယ်သူ့ကိုမျှ ငါမပြောဟုဆိုလျှင် အရှင်ရသေ့... နဂါးတို့သည် ဂဠုန်လာသည်ကို မြင်လျှင် လေးစွာသော ကျောက်ခဲကိုငုံ၍ ချင်းတို့အား ကိုက်ခဲသကဲ့သို့ သွားကိုဖြဲ၍ နေကုန်သည်။ ဂဠုန်တို့သည် ထိုနဂါးတို့၏ဦးခေါင်းကို ဖမ်း၍ ချီသော် ဝန်လေးခြင်းကြောင့် မချီနိုင်ဘဲ ရေထဲ၌

mgyoe.com

mgyoe.com

နစ်၍သေကြကုန်သည်။ အမြီးမှဆွဲ၍ ဦးခေါင်းတွဲလဲချိမှုကား– ငုံ့သော ကျောက်ခဲတို့သည် အောက်သို့ကျသဖြင့် ပါရလေတော့သည်ဟု ပြော၏။ ယင်းသို့ပြောပြီးမှ နေရာသို့ပြန်လေ၏၊ ဂဠုန်မင်းသည် ရသေ့ထံသို့ရောက်သော ကာလအကြောင်းကို မေးမြန်းသော် ရသေ့လည်း နဂါးလျှောက်ခဲ့သမျှကို ပြန်ပြောလေ၏။

ဂဠုန်မင်းလည်း ထိုစကားကိုကြားသော် အမျက်ထွက်၍ ဤနဂါးသည် မိမိအမျိုးသားနှင့်တကွ ပျက်စီးအောင် လျှို့ဝှက်အပ်သော အရာကိုသူ့အားပြောချေသည်၊ ထိုလောက်မိုက်သော နဂါးကို ငါသွား၍ ယခုဖမ်းမည်ဟုကြံပြီးလျှင် နောက်တစ်နေ့၌ နဂါး၏နေရာသို့သွား၍ အမြီးဖျားဖြင့် ဆွဲ၍ တွဲလျားဦးဇောက်ခိုလေ၏၊ ထိုအခါ နဂါးသည် ဤသို့မြည်တမ်း၏၊ ငါသည်ကား– သစ္စာသီလရှိလှပေသည်ဟု ထင်မှား၍ ဒုဿီလရသေ့အား လျှို့ဝှက်အပ်သောစကားကို ပြောကြားမိသောကြောင့် ယခုဘေးတွေ့ရချေပြီဟု ငိုကြွေး၏၊ ထိုအခါ ဂဠုန်မင်းက သင်နဂါးသည် အမျိုးသားနှင့်တကွ ပျက်စီးအောင် လျှို့ဝှက်အပ်သော အရာကိုမလိမ္မာသော ရသေ့အား ပြောကြားပြီးလျက် အဘယ့်ကြောင့် အပြစ်တင်ပြန်သနည်း၊ သင်တည်းမိုက်သလော၊ ရသေ့တည်းမိုက်သလောဟု ဆိုဆုံးမ၏။

နဂါးကလည်း အဆွေဂဠုန်... ဤအရပ်၌ ငါပင်မိုက်လှပေသည်၊ သင်သတ်လျှင်လည်း သေရတော့မည်၊ သေသော်လည်း ဝမ်းမနည်းသင့်ပြီ၊ ဆုံးမပေသော ဆရာဖြစ်၍ အသက်နှင့်ပူဇော်ထိုက်ပေသည်၊ သို့ရာတွင် ဤတစ်ခါမူ ငါ့အသက်ကို ခွင့်ပေးပါဟု တောင်းပန်၏၊ ဂဠုန်မင်းလည်း သနားလှသောကြောင့် မသတ်ဘဲလွှတ်ပေ၏၊ ထိုအခါ ဂဠုန်နှင့် နဂါးတို့သည် ဝမ်းမြောက်ဝမ်းသာ မဟာမိတ်ဖြစ်ကြသတည်း၊ တစ်နေ့သ၌ နဂါးမင်းသည်က ရမ္ဘိယရသေ့၏ထံသို့သွား၍ လှည့်စားတတ်သောဟယ်... ရသေ့မိုက်... သင့်ကိုသူမြတ်ငါထင်မှတ်၍ ဆည်းကပ်မိသည်၊ ယခုပင် မိတ်ဆွေဖျက်ဆီး အချည်းနှီးသော ရှင်ယောင်၏

mgyoe.com

mgyoe.com

အဖြစ်ကို စင်စစ်သိရတော့သည်၊ သို့စဉ် သီလရှင်ပါပသည် ခေါင်းမှ ၇–စိတ်ကွဲစေသတည်းဟု ဆဲရေး၏၊ ဆဲရေးသည်နှင့် တစ်ပြိုက်နက် ရသေ့ဦးခေါင်းသည် ၇–စိတ်ကွဲ၍ ငရဲသို့သွားရလေသတည်း။

[ဤလည်း မုသာဝါဒ၏အပြစ်တည်း။]

ရတနာပူရမြို့၌ အမတ်ကြီး၏သားဖြစ်သော လုလင်တစ်ယောက်သည် အဖော် ၇–ဦးတို့နှင့်တကွ တောလည်ရာ ဇော်ဂျီဆရာ တစ်ဦးကို တွေ့၍ အရှင်ဇော်ဂျီ... ကျွန်ုပ်ကား– မင်းမှုထမ်း အမတ်ဖြစ်ပါသည်၊ လေး,လှံစသော လက်နက်ကို လုံခြုံစေတတ်သော အတတ်တစ်ခုကို ပေးပါဟုတောင်း၏၊ ဆရာဇော်ဂျီကလည်း မန္တန် တစ်ပုဒ် သင်လိုက်၏၊ ထိုမန္တန်ဖြင့် သစ်ညွန့်ကိုမန်း၍ ပန်ရလျှင် လေး, လှံ, မီးပေါက်, အမြောက်စသော လက်နက်တို့ဖြင့် ပစ်လွှတ်လည်း မထိ, မရောက်နိုင် ထိုမန္တန်ကိုရ၍ အများချီးမွမ်းကြသောအသံကို ဖခင် အမတ်ကြီးကြားလေသော် ချစ်သား... လက်နက်ကိုတားနိုင်သော မန္တန် ကိုရ၏ဟူသည် မှန်သလောဟုမေး၏၊ သားက မပေးလိုသောကြောင့် ဖခင်မဟုတ်ပါဟု လှည့်စားကာပြောမိ၏၊ ထိုအခါမှစ၍ မန္တန် အာနုဘော်သည် ကွယ်ပျောက်၍ လက်နက်ပစ်လွှတ်တိုင်း မှန်လေ၏။

[ဤလည်း မုသာဝါဒ၏အပြစ်တည်း။]

မုသာဝါဒကံ အပြစ်ပြဝတ္ထုပြီး၏။

*

## ၈-မသွေမလှန်၊ အမှန်သစ္စာ၊ ဆိုသည့်တာကြောင့်၊ ဒါယကွိဘေးသည်၊ အဝေးမှငြိမ်းချမ်းဟူရာ၌-ဝတ္ထု

ယင်းသို့သော မကောင်းကျိုးကို လျှင်စွာဖြစ်စေတတ်ရကား– အမျိုးကောင်းသားတို့သည် စကားမမှန်ဆိုခြင်းမှ ရှောင်ကြဉ်၍ ဟုတ်မှန်သည်ကိုသာ ပြောဆိုကုန်ရာ၏၊ ထိုသို့ ဟုတ်မှန်သည်ကို ပြောဆို

mgyoe.com

ခြင်းသည် သစ္စဝါစာမည်၏၊ ထိုသစ္စဝါစာကိုဆိုသဖြင့် ဟူးဟူးပြောင်ပြောင်လောင်လာသော တောမီးကိုလည်း တန့်စေတတ်, ကွင်းစေတတ်၏၊ ပင်လယ်ရက်သဲ ဩဃထဲသို့ ကျဆဲသောသူလည်း သစ္စာပြုသဖြင့် ချမ်းသာရာသို့ရောက်ရာ၏၊ မိုးခေါင်၍ မရွာသည်ကို လည်း ကောင်းစွာရွာစေတတ်၏၊ မြွေဆိပ်တက်သော ဝေဒနာ,မြားဆိပ်တက်သော ဝေဒနာတို့ကို လွတ်ကွာစေတတ်၏၊ လူတို့စကား–သစ္စာမှန်စွာသုံးသောအခါ မြေဆီဩဇာပင် လွန်စွာတက် ထွန်း၍ နွယ်မြက်သစ်ပင်ဟူသမျှသည် ဆေးကိစ္စပြီးသည်သာဖြစ်၏။

ဤအကျိုးဆက်တို့ကိုပြခြင်းငှာ ပါရမီခန်းကဗျာ၌–

“ဝသုန္ဓြေ၊ ဤမြေသော်လည်း၊ စောင့်စည်းမုသား၊ ကြဥ်သောအားဖြင့်၊ စကားသစ္စာ၊ မှန်သောခါကား၊ ဩဇာလေးနက်၊ ပေါ် ဆီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဘက်ဝင်၏၊ အကြင်သောခါ၊ ဤသစ္စာကို အရာချွတ်လွဲ၊ မသုံးစွဲတည့်၊ စဥ်းလဲစကား၊ မှားလတ်တုံအံ့၊ မြေခံ့စည်းတန်း၊ မုသားထွန်းသား၊ တစ်ကျွန်းတစ်ရံ၊ တစ်နိုင်ငံ၌၊ အသံမုသား၊ ပျက်စကားကို၊ မကြားခလို၊ အောင်လိမ့်ဆိုသို့၊ ပေါ်စိုရသာ၊ မြေဩဇာလျက်၊ တစ်ထွာတစ်တောင်၊ လက်ခုပ်ဖောင်လျှင်၊ နက်ချောင်ငုပ်နစ်၊ အောင်လျှိုးဖြစ်၍၊ ခါးချစ်ဆေးဝါး၊ လူတို့စားလည်း၊ နာဖျားမလွတ်၊ ဥပဒ္ဒဝေါ၊ ဘေးဘျမ်းပြော၏၊ သဘောတရား၊ စကားသစ္စာ၊ မှန်သောခါနှင့်၊ ယှဥ်းရာမမှား၊ ဤနှစ်ပါးကို၊ နှုန်းထားဖွေဖော်၊ ရှာတုံသော်လည်း၊ အကျော်သစ္စာ၊ စကားသာလျှင်၊ ပြည်ရွာရပ်သား၊ လူ့စီးပွားကို၊ အများအမြောင်၊ ကြီးကျယ်ဆောင်သည်၊ ကုန်အောင်မြေနှင့်တရှိတည်း”–

ဟူ၍ စပ်ဆိုတော်မူသည်။

လောင်လာသော မီး၏တန့်ခြင်းကိုကား–ငုံးမင်းဇာတ်ဖြင့်သိအပ်၏။

mgyoe.com

mgyoe.com

လွန်လေပြီးသောအခါ ငါတို့ဘုရားအလောင်းတော်သည် မဂဓတိုင်း တောအုပ်၏အတွင်း၌ ငုံးအမျိုး၌ဖြစ်တော်မူ၏၊ ထိုအခါ အမွေးအတောင်မစုံသည်ဖြစ်၍ ပျံသွားခြင်းငှာ မတတ်နိုင်သေး၊ မိဘတို့ရှာ၍ ကျွေးသော အစာကိုမှီ၍သာ နေရသေး၏၊ တစ်နေ့သောအခါ ကြီးစွာသော တောမီးသည် လောင်လာ၍ ငုံးမင်းသည် လွန်စွာ ကြောက်လန့်ရကား–ငါ့အားဆောင်၍သွားအံ့သော မိဘတို့လည်း ကျက်စားသွားကြ၍ မရှိခိုက်ကြုံချေသည်၊ အတောင်တို့သည် ရှိပါကုန်သော်လည်း ပျံခြင်းငှာမတတ်နိုင်၊ ခြေရှိပါသော်လည်း ပြေးခြင်းငှာမတတ်နိုင်၊ ငါ့အား သီလနှင့်သစ္စာသာလျှင်ကိုးကွယ်ရာရှိ တော့သည်ဟုကြံ၍ ငါသည် ဤဘဝကိုရသည်မှစ၍ တစ်စုံတစ်ခုသော ပိုးမွှားသတ္တဝါကိုလည်း ငါမညှဉ်းဆဲဖူးသည်မှန်ပါ၏၊ ဤသို့မှန်သော သစ္စာစကားကြောင့် ဤတောမီးသည် ငါ၏နေရာကို ကွင်းပါစေသတည်းဟု သစ္စာပြု၏၊ ထိုသစ္စာကြောင့်တောမီးသည် တစ်ဆယ့်ခြောက်ကရီ မျှ လောက်သောအရပ်ကို ကွင်း၍ လောင်မြိုက်သဖြင့် ငြိမ်းလေ၏၊ ဤသို့ လျှင် မှန်ကန်စွာ ဆိုအပ်သော သစ္စာ၏အဟုန်ကြောင့် မီးကွင်းသော အဖြစ်ကို သိရာသတည်း။

*

## ၉– ဝဲသြဃနက်ဝှမ်းမှ၊ ကမ်းထက်သို့ရောက်ရသော၊ သုပ္ပါရကသုခမိန်-ဟူရာဌ-ဝတ္ထု

ပင်လယ်သြဃသို့ကျရောက်ဆဲသော သူ၏ချမ်းသာခြင်းကို သုပ္ပါရကဇာတ်ဖြင့် သိအပ်၏၊ မိုးခေါင်သောအခါ၌ သစ္စာပြုသဖြင့် မိုးရွာရသောအရာကို မစ္ဆရာဇဇာတ်ဖြင့် သိအပ်၏။

*

mgyoe.com

## ၁၀-မြွေဆိပ်၏တက်ရှိန်မှ၊ သုံးကြိမ်တိုင် လျော့ကျသော၊ မဏ္ဍဗျရှင်နှစ် ဟူရာဠ်-ဝတ္ထု

မြွေဆိပ်တက်သော ဝေဒနာ၏ချမ်းသာစေတတ်သော အခြင်းအရာကို ဒီပါယနဇာတ်ဖြင့် သိအပ်၏။

[မှသာဝါဒ၌ အပြစ်၊ သစ္စဝါစာ၌ အကျိုးကိုပြသော ဝတ္ထုတည်း။]

သစ္စဝါစာအကျိုးပြဝတ္ထုပြီး၏။

*

## ၁၁- ယစ်တတ်သည့် သုရာရေကို မိတ်ဆွေပြုမှားနေသောကြောင့်၊ သိကြားမ၍မှုမဖြစ်၊ ဆင်းရဲတွင်းနစ်ရသော သူကောင်းသား ဟူရာဠ်-ဝတ္ထု

ငါတို့ဘုရား၏ ကျောင်းဒါယကာ အနာထပိဏ် သူဌေး၏တူဖြစ်သော ဘာဂိနေယျသည် အရွယ်သို့ရောက်စကပင် အဘသေလွန်လေ၏၊ ရွှေ, ငွေကား–ကုဋေလေးဆယ်မျှကျန်ရစ်၏၊ ထိုရွှေ,ငွေတို့ကိုပွားစီးအောင်မကြံ၊ သုရာသောက်သောသူတို့နှင့် ပေါင်းဖက်၍သောက်စားခြင်းကိုပြု၏၊ သောက်စားမိသောအခါ အလိမ္မာတို့သည်ပျောက်ကွယ်ရကား– သူတစ်ပါးတို့ လှည့်ပတ်၍လည်းကောင်း ချော့ကာ, မြှောက်ကာ သောက်စား၍လည်းကောင်း အလုံးစုံကုန်လေသဖြင့်ဦးရီးဖြစ်သော အနာထပိဏ်သူဌေး၏ထံသို့လာ၍ ဥစ္စာကုန်ကြောင်းကို ပြော၏၊အနာထပိဏ်သူဌေးကလည်း သောက်စား, ကစားခြင်းကို သင်မပြုလင့်၊ ရောင်းဝယ်ကုန်သွယ်ခြင်းကိုပြုလေ–ဟု ဆုံးမ၍

---

၁။ သုပ္ပါရကဇာတ်သည် ကောဒသနိပါတ်–သုပ္ပါရကဇာတ်၌ပါရှိ၏။

၂။ မဏ္ဍဗျဇာတ်သည် ဧကနိပါတ်–မဏ္ဍဗျဇာတ်၌ပါရှိ၏။

၃။ ဒီပါယနဇာတ်သည် ဒသနိပါတ်–ကဏှဒီပါယနဇာတ်၌ ပါရှိ၏။

mgyoe.com

mgyoe.com

တစ်ထောင်မျှလောက်သော သပြောတို့ကိုပေး၏၊ ထိုဘာဂိနေယျသည် သောက်စား, ကစားမြဲ ကစားပြန်သဖြင့် တစ်လခန့်ကြာလျှင် ထိုသပြော ကုန်ပြန်၍ ဦးရီးထံသို့သွားပြန်၏၊ ဦးရီးသူဌေးကလည်း ယခင်ကဲ့သို့ ဆုံးမ၍ သပြောငါးရာပေးလိုက်ပြန်၏၊ တစ်ဖန်လည်း သောက်စားမြဲ ပြုပြန်၍ နှစ်လခန့်ကြာလျှင် ထိုငါးရာကုန်ပြန်၍ တစ်ဖန်သွားလေ သော် ပုဆိုးကြမ်းနှစ်ထည်ကိုသာပေး၍ ဖွတ်တက်သည်ထက်ကဲသော အမွဲမသားသည် ငါ့အိမ်သို့မလာလင့်ဆို၍ လည်ကိုကြိုးတပ်၍ဆွဲ သဖြင့် အိမ်ထဲမှထုတ်လိုက်၏။

ထိုအခါမှစ၍ ဘာဂိနေယျသည် ကိုးကွယ်ရာမရှိသည်ဖြစ်၍ သူတစ်ပါးတို့၏ အိမ်နံရံကိုမှီ၍သာ အသက်မွေးရလေ၏၊ သူဌေးကြီး သည်လည်း ဘုရားကျောင်းတော်သို့သွားလတ်သော် မိမိ၏တူဖြစ် သော ဘာဂိနေယျ၏အကြောင်းစကားကို နားတော်လျှောက်၏၊ ဘုရားသခင်ကလည်း ကျောင်းဒါယကာ သူဌေးကြီး... သင်သည် သုရာသောက်ကြူးသောသူအား ရောင့်ရဲစိမ့်သောငှာ, ချမ်းသာရစိမ့် သောငှာ အဘယ်မှာတတ်နိုင်အံ့နည်း၊ ရှေးသောအခါ ငါဘုရား အလောင်းသည် ခပ်သိမ်းသော အလိုကိုပေးတတ်သော ရတနာအိုး ပဒေသာကိုပေးကာ ချီးမြှောက်၍ သေသောက်သမားကို ရောင့်ရဲစိမ့် သောငှာ မတတ်နိုင်ချေဟု မိန့်တော်မူ၏၊ သူဌေးကြီးလည်း ထင်ရှားစွာ ဟောတော်မူပါမည့် အကြောင်းဖြင့် တောင်းပန်သော် ကိုယ်တော်မြတ် လည်း ဤသို့မိန့်တော်မူ၏။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ငါဘုရားအလောင်း သည်မြေမြှုပ်ဥစ္စာကုဋေလေးဆယ်ကြွယ်သော သူဌေးမျိုး၌ဖြစ်တော် မူ၏၊ ထိုအခါ ရောက်လာသမျှသော ရဟန်း, လူပေါင်း, ဖုန်းတောင်း ယာစကာတို့အား စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းကိုပြု၏၊ သီတင်း, သီလ ကိုလည်း တစ်လ တစ်လ၌ရှစ်သီတင်းစီဆောက်တည်၏၊ ယင်းသို့ ဒါန, သီလကိုပြု၍သေလွန်သောအခါ တာဝတိံသာနတ်ပြည်၌ သိုက်

mgyoe.com

ကြားမင်းဖြစ်လေ၏၊ ထိုသူဌေး၏သားသည်ကား–အဘ၏ကျင့်နှုန်းသို့မလိုက်၊ အလျှုတင်းကုပ်တို့ကို မီးတိုက်ပြီးလျှင် အိမ်ဝ၌ မဏ္ဍပ်ကြီးဆောက်၍ သေသောက်သမား ကစားသမားတို့ကို ရုံးစုပြီးလျှင် သောက်စားပျော်ရွှင်ခြင်းကို ပြု၏၊ ကချေသည်တို့ကိုလည်း တစ်ထောင်, တစ်ထောင်မျှလောက်ပေး၍ ကခုန်စေ၏၊ သတို့သမီးတို့သည် ငါးရာလည်းကောင်း, တစ်ထောင်လည်းကောင်းပေး၍ ပေါင်း၏။

ဤသို့ သေသောက်ကြူးခြင်း, မိန်းမကြူးခြင်း, သဘင်ကြူးခြင်းတို့ဖြင့် ပျော်ပါးလေရကား– များမကြာမီ ကုဋေ ၄၀–သော ဥစ္စာသည်ကုန်၍ ဆင်းရဲခြင်းသို့ရောက်သဖြင့် ပုဆိုးနွမ်း, အစားနွမ်းဖြင့် ပင်ပန်းစွာနေရလေ၏၊ သိကြားမင်းသည် နတ်ပြည်မှကြည့်လေသော် သား၏ဆင်းရဲခြင်းကိုမြင်၍ သနားပြန်ရကား–တွင်းမှထွက်သော ရေကဲ့သို့ ခပ်သိမ်းသောရတနာကို လိုရာထွက်စေတတ်သော သဗ္ဗကာမဒဒမည်သော အိုးကိုယူ၍လာပြီးလျှင် ချစ်သား... သင့်အားဆင်းရဲလှ၏၊ ဤသဗ္ဗကာမဒဒအိုးကို မကွဲမပေါက်အောင် ကောင်းစွာ စောင့်ရှောက်လော့၊ မပေါက်မကွဲသမျှ၌ အိုးထဲကသင်လိုရာပေးလတ္တံ့၊ ဤအိုး၌ ဥစ္စာ၏အပိုင်းအခြားသည် မဖြစ်လတ္တံ့ဟုဆို၍ အိုးကိုပေးခဲ့ပြီးမှ မိမိ၏နေရာသို့ပြန်လေ၏၊ သူဌေးသားလည်း ထိုနေ့မှစ၍ အလိုရှိတိုင်း သုရာကိုသောက်စားလျက် ပျော်ပါးမြူးထူးခြင်းကိုပြု၏၊ တစ်နေ့သ၌ သုရာယစ်မူးလေရကား အိုးကိုမြှောက်၍ကစားသဖြင့် မြေ၌ကျ၍ ကွဲလေ၏၊ ထိုအခါမှစ၍ သုံးရာ, စားရာမရှိ ဆင်းရဲမြဲအတိုင်းဖြစ်ပြန်၍ သူတစ်ပါး၏အိမ်နံရံကိုမှီ၍ အသက်မွေးရလေ၏ဟု ပြတော်မူခြင်းငှာ–

သဗ္ဗကာမဒဒံ ကုမ္ဘံ၊ ကုဋံ လဒ္ဓါန ဓုတ္တကော။
ယာဝ သော အနုပါလေတိ၊ တာဝ သော သုခမေဓတိ။
ဟူ၍ဟောတော်မူသည်။

ဂဟပတိ၊ သူဌေးကြီး။ ဓုတ္တကော၊ သေကြူး, စားကြူး, မိန်းမ

mgyoe.com

mgyoe.com

ကြူးသော သူမိုက်သည်။ သဗ္ဗကာမဒဒံ၊ အလုံးစုံသောအလိုကို ပေး တတ်သော။ ကုမ္ဘံကုဋ္ဋံ၊ ရတနာထွက်သောအိုးကို။ လဒ္ဓါန၊ ရ၍။ ယာဝ၊ အကြင်မျှလောက်။ သော၊ ထိုသူသည်။ အနုပါလေတိ၊ စောင့် နိုင်၏။ တာဝ၊ ထိုမျှလောက်။ သော၊ ထိုသူသည်။ သုခံ၊ ချမ်းသာစွာ။ ဧဓတိ၊ ကြီးပွားရာ၏။ ဘိန္နေ၊ ကွဲလတ်သော်။ ကပဏော၊ ကိုယ်ထီးကျန် လျက်။ တပ္ပတိ၊ ဆင်းရဲ၏။

[တိကနိပါတ် သုရာဃဋဇာတ်။]

*

## ၁၂-ရင်ထွက်သားကိုပင်၊ စားမိသည့်မင်းဖျား ဟူရာ၌-ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ တစ်ယောက်သော မင်းကြီးသည် သုရာသောက်ခြင်း ကြူးသည်ဖြစ်၍ သားစိမ်းနှင့်ကင်း လျက် ထမင်းစားခြင်းငှာ မတတ်နိုင်၊ စားတော်ကဲလည်း အထူးထူး သော အမဲတို့ကို ကြော်၍လည်းကောင်း, ကင်၍လည်းကောင်း, ချက်၍ လည်းကောင်း မပြတ်ပေးရ၏၊ မြို့၌လည်းဘေး, ဘိုးအလောင်း, မင်း ကောင်းတို့လက်ထက်မှစ၍ ဥပုသ်နေ့တိုင်လျှင် သား,ငါးမသတ်အပ် ဟူ၍ စည်လည်စမှတ်ပြု၏၊ တစ်ရံသောအခါ လဆန်း ပက္ခတစ်ဆယ့် သုံးရက်နေ့၌ စားတော်ကဲသည် ဝယ်၍ ကြော်ထားအပ်သော အမဲတို့ကို မေ့လျော့စဉ် ခွေးတို့သည် ခဲလေသောကြောင့် ဆယ့်လေးရက် ဥပုသ်နေ့ သို့ရောက်သောအခါ ဈေးမှာ သားစိမ်းရှာဝယ်၍ မရနိုင်ရကား–စားတော် ကဲသည် မင်းကြီးဒဏ်ပေးအံ့သည်မှ ကြောက်လှသောကြောင့် မိဖုရား ထံကပ်၍ အရှင်မိဖုရား... အကျွန်ုပ်ကို မစတော်မူပါဟု လျှောက်၏။

mgyoe.com

မိဖုရားကလည်း စားတော်ကဲ... မင်းကြီးသည် ငါ့သားကို အလွန်ချစ်နှစ်လို၏၊ သားကိုမြင်လျှင် ပိုက်ချီဖက်ယမ်း၍ နမ်းကာ, ရှုပ်ကာပျော်ပါး၏၊ မိမိအား ဘယ်အရာကိုမျှရှိသောအဖြစ်၊ မရှိသော အဖြစ်ကိုလည်း မသိတတ်၊ ထို့ကြောင့် ငါသည် ထမင်းစားအံ့သော အခါ သားငယ်ကိုတန်ဆာဆင်၍ မင်း၏ထံသို့ပို့အံ့၊ မင်းသည် သားကို ရင်ခွင်ထက်ထား၍ နမ်းကာ, ရှုပ်ကာ ကစား၍နေသောအခါ သင်၏ပွဲ တော်ကိုဆက်လာလော့ဟုဆိုပေ၏၊ စားတော်ကဲလည်း မိဖုရားနည်း ပေးသောအတိုင်း သားတော်ကို ရင်ခွင်၌ထား၍ ကစားကာနေသော အခါ ပွဲတော်ဆက်လေသော် စားတော်အုပ်၌ အမဲမပါသည်ကို မြင် သဖြင့် ဘယ့်ကြောင့်အမဲမပါသနည်းဟုမေး၏၊ ယနေ့ဥပုသ်နေ့ကြုံ သည်ဖြစ်၍ အရှင့်အာဏာနှင့်ဈေးမှ အမဲမရောင်းကြ၍ အမဲရှာ၍ မရ နိုင်သောကြောင့် မပါ,ပါသည်ဟု လျှောက်၏။

မင်းလည်း သုရာယစ်ခိုက်ဖြစ်၍ ငါသို့သောမင်းအား အမဲမရရှိ ရာသလောဟုဆို၍ ရင်ခွင်ထက်၌ရှိသော သားတော်၏လည်ကို လိမ် ၍ သတ်ပြီးလျှင် ယခုချက်ချေဟု ပစ်၍ပေးလိုက်၏၊ စားတော်ကဲ လည်း အမြန်ယူ၍ ချက်ပြီးမှ ဟင်းကိုဆက်၏၊ မင်းလည်း အားရ ဝမ်းသာစားတော်ခေါ်၍ အိပ်လေ၏၊ မင်းကိုကြောက်သောကြောင့် တစ်စုံတစ်ယောက်သောသူမျှ မလျှောက်ဝံ့,မငိုဝံ့ကြ၊ ဆိတ်ဆိတ်သာ နေရ၏၊ မင်းသည် အိပ်၍နိုးသဖြင့် မိုးသောက်သောအခါ ငါ၏သား တော်ကိုဆောင်ခဲ့ဟု မိန့်တော်မူ၏၊ ထိုအခါမှ မိဖုရားလည်း များစွာ ငိုကြွေးလျက် အရှင်မင်းကြီး၏သားကို အရှင်မင်းကြီး ယမန်နေ့က စားလေပြီ၊ အဘယ်မှာယူခဲ့ရာရှိတော့အံ့နည်းဟု လျှောက်၏။

မင်းကြီးသည် သားကြောင့်ဖြစ်သောစိုးရိမ်ခြင်းဖြင့် ပြင်းစွာငို ကြွေးပြီးမှ ဤသို့သော ဒုက္ခသည် သုရာသောက်ခြင်းကြောင့် ဖြစ်ရ ချေသည်၊ သို့စဉ်လောက် မိုက်ရူးစေတတ်သောသုရာကို ယနေ့မှစ ဘဝဆုံးဖြတ်၍ အရဟတ္တဖိုလ်ရသည်တိုင်အောင် ငါမသောက်ပါပြီဟု

mgyoe.com

mgyoe.com


အမိဋ္ဌာန်၍ ရှောင်ကြဉ်လေ၏၊ ဤမင်းကြီးကား အရှင်သာရိပုတ္တရာ ဖြစ်တော်မူ၏။

[ဒုကနိပါတ်]

*

## ၁၃-သေရောင်းသမား၏ စကားကိုယုံကြည်၍၊ ပြည်အလုံးချောက်ချားသော၊ မင်းမှား ဒုဋ္ဌကလည်း တစ်ယောက်ဟူရာဥ္ဂ-ဝတ္ထု၊

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြု၏၊ ထိုမင်းအား အမတ်ကြီးလေးယောက်, အမတ်လတ်လေး ကျိပ်, အမတ်ငယ်လေးရာတို့ဖြင့် လွန်စွာတင့်တယ်၏၊ တစ်ရံသော အခါ သူဆင်းရဲတစ်ယောက်သည် သေရည်ကိုချက်၍ ရောင်းစား သဖြင့် ပြည်သူပြည်သားတို့သည် ခိုက်ရန်ဖြစ်ခြင်း, ထောင်းသတ်ရိုက် နှက်ခြင်း, ခိုးဝှက်ခြင်းအမှုတို့သည် များစွာဖြစ်ကုန်၏၊ ထိုအခါ မြို့ရွာ ကို စိုးကွပ်သော မင်းတရား, ဆုံးဖြတ်သောအမတ်တို့သည် ဤသေ ရောင်းသမားကြောင့် အများမိုက်ရူးခြင်း, ခိုက်ရန်ဖြစ် ခြင်းတို့ရှိကြ ကုန်သည်၊ ထို့ကြောင့် သေရောင်းသမားကို ပယ်ရှားသုတ်သင်မှသင့် မည်ဟု တိုင်ပင်စည်းဝေးကြ၏။

ထိုအကြောင်းကို သေရောင်းသမားသိလေသော် အမတ်တို့ သည် မင်းကိုမလျှောက်မီ မင်းကြီးကို ငါခစားမှဘေးကင်းမည်ဟု ကြံပြီးလျှင် အလွန်အရသာရှိသော သေရည်ကိုချက်၍ မင်းအားဆက် လေ၏၊ မင်းလည်း သောက်ရဖန်များသော် နှစ်သက်ခြင်းရှိရကား- သားစိမ်းကင်နှင့်တကွ နေ့တိုင်းသုံးဆောင်၍ ယစ်မူး၏၊ ထိုအခါ သေချက်သမားက ဤသို့ လျှောက်၏၊ အရှင်မင်းမြတ်၏မြို့တော်၌ မင်းလုပ်သောအမတ်အလွန်များသည်၊ တစ်ယောက်တစ်ယောက်၌ပင်

mgyoe.com

mgyoe.com

ကျေးကျွန်သင်းပင်း ဆင်,မြင်း,ရထားများစွာရှိသည်၊ မင်းကြီးကိုခုခံ၍ ရန်ပြုလိုလျှင် ပြုနိုင်သူချည်းဖြစ်သည်၊ ထို့ကြောင့် ထိုအမတ်တို့ကို ပယ်ရှားမှသင့်မည်၊ ကိုယ်တော်စားပြည်ရေးရွာမှုကို စီရင်မည့်သူတစ်ယောက်, နှစ်ယောက်သာထားသင့်သည်ဟု လျှောက်၏။

မင်းလည်း ယစ်မူးခြင်းများရကား– ထိုသူ၏စကားကိုပင် အဟုတ်ထင်၍ ဘယ်သို့ပြုရသော်လျော်မည်နည်းဟု တိုင်ပင်၏၊ အရှင်မင်းကြီး... နန်းတော်နှစ်ဆောင်ကြားတွင် တွင်းကြီးနက်စွာတူး၍ တစ်ညဥ့်တစ်ညဥ့်၌ အမတ်တစ်ယောက်စီ အိပ်ဖန်ဝင်စေပြီးလျှင် အိပ်ပျော်သောအခါ သတ်၍တွင်း၌ ဖျောက်ဖျက်ရမည်ဟု လျှောက်၏၊ မင်းလည်း ထိုသေချက်သမား၏စကားကိုလိုက်နာ၍ နန်းအောက်မှာ နက်စွာသောတွင်းကိုတူးစေပြီးလျှင် အမတ်တို့ကို တစ်ညဥ့်တစ်ယောက်စီသတ်၍ ဖျောက်ဖျက်၏၊ အမတ်တို့လည်း အိပ်ဖန်ဝင်ရသော အမတ်ဟူသမျှ အိမ်သို့မပြန်ကြသည်ကိုမြင်လျှင် "ငါတို့မင်းသည် ဘီလူးဖြစ်၍ပင် စားလေသလော" ဟု ကြောက်လန့်ကြ၍ အရပ်တစ်ပါးသို့ပြေးသွားကြကုန်၏။

အမတ်ကြီးလေးယောက်သာလျှင် ကျန်၏၊ ထိုလေးယောက်တို့တွင် တစ်ယောက်သောအမတ်သည် အိပ်ဖန်ဝင်ရအံ့သော အမိန့်ကျလာလျှင် ထိုအမတ်သည် မျက်နှာမလှဘဲ အိမ်သို့ပြန်လာ၏၊ ထိုအခါ ပညာရှိသော လုလင်တစ်ယောက်သည် အမတ်ကြီးကိုမြင်၍ အရှင်အမတ်ကြီး... ရှေးရှေးအခါ၌ မျက်နှာရွှင်လန်းလျက် အခမ်းအနားကို စီရင်ပြောဆိုကာလာသည်၊ ယနေ့မျက်နှာမှာ ညှိုးလှ၏တကား– ဘယ်သို့အကြောင်းရှိသနည်းဟု မေး၏၊ အမတ်ကြီးကလည်း "အမောင်လုလင်... ငါတို့အရှင်မင်းကြီးသည် အမတ်တို့ကို တစ်ညဥ့်တစ်ယောက်စီ အိပ်ဖန်ဝင်စေသည်၊ ဝင်လေသမျှ အမတ်လည်း မထွက်လာပျောက်လေသည်သာဖြစ်၏၊ ငါလည်း ယနေ့ည အိပ်ဖန်ဝင်ရမည်အလှည့်ကျသည်၊ ထို့ကြောင့် မျက်နှာမလှရှိသတည်း" ဟု

mgyoe.com